# ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

------------ ရဲ့စာအုပ်ပါ။

------------ ဝယ်ပေးထားတာ။




**ဆုပြည့်စုံထွန်းစာပေ**

အမှတ် – ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃

**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
မျိုးဇော်ထက် (ဖုန်း–၀၉၃၁၆၄၉၀၀၃)

**အုပ်ချုပ်မှုအယ်ဒီတာ**
ခင်မာရွှေ

**အမှုဆောင်အယ်ဒီတာ**
လင်းသက်ခိုင်

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ ဝေလင်း၊ ဖြိုးမင်းဦး၊ ထွန်းထွန်း၊ သန့်ထက်ဇင်၊ ဝေဝေမြင့်။

Cover **သရုပ်ဖော်**
ဝင်းမြင့်အောင်

Computer
မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ၊ မီမီဇင်၊

Film - Eagle

layout - Quality

**ပုံနှိပ်သူ** – ဦးကျော်ယဉ်(ဇမ္ဗူမော်)
အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** – တင်မေထွန်း

**ကြော်ငြာတာဝန်ခံ**
ခင်မာရွှေ
ဖြူဖြူသင်း။
**ဖုန်း** – ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉–၅၁–၂၂၅၃၀။

**ထုတ်ဝေသူ** – ဒေါ်ခင်မာရွှေ
ဆုပြည့်စုံထွန်းစာပေ၊ (၀၀၅၃၂)

**အုပ်ရေ** – ၅၀၀

**တန်ဖိုး** – ၁၂၀၀ ကျပ်

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
**အမှတ်** –၅၀၈/၅၁၂၊(၂ခ)ပထမထပ်၊ သရဖီကွန်ဒို။
(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် )ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** – ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)

# ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်



JAS ဖုန်းစာအုပ်စင်ကဏ္ဍတွင် Download လုပ်၍ဝယ်ယူဖတ်ရှုနိုင်ပါသည်။

http:/Quality.myanmaronlinesales.com တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု ဝယ်ယူနိုင်ပါသည်။

**လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။**

**အထက်မြန်မာပြည်ဖြန့်ချိရေး**
နဂါးစာပေ ထွန်းဦးစာပေ
ဖုန်း –၀၂–၃၉၈၆၉ ဖုန်း –၀၂–၃၉၈၀၁

**ရှမ်းပြည်နယ်ဖြန့်ချိရေး**
မီလျံနာစာပေ၊ ဂင်္ဂါနဒီစာပေ

**တောင်ကြီးတွင် လပေးယူလိုသူများအတွက်**
STUDENTS' CHOICE
မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊ ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။
**ဖုန်း** – ၀၈၁– ၂၀၁၄၇၃

**မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်**
ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။)

# ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

အမှတ် (၅၉) ၊ မေလ ၊ ၂၀၁၅ ခုနှစ်။


| | | |
|---|---|---|
| ခေါင်းမာသောဆိတ်ကလေးများ | ကာတွန်းတေဇ | ၅ |
| ငွေရောင်ခြင်းတောင်း | ကာတွန်းဝိုင်းမော် | ၁၃ |
| ဖားစည်ပုံပြင် | ဆဲလ်ကျော့နိုင် | ၂၅ |
| လောဘမီး | ပန်းချီဥဿာ(ရွှေဇာမြေ) | ၂၇ |
| ရိုးသားဖြူစင်...မောင်ဖြူစင် | သန္တာမြတ်သောင်း | ၄၁ |
| လုတောသားစကားကြွယ် | ကာတွန်းဒစ်ဂျစ်တယ် | ၄၆ |
| ဖောင်ရိုးတုတ်မြင်းလုပ်စီးသူ | ပန်းတနော်ကျော့မိုး | ၅၇ |
| ရာသီကူးပြောင်းဝမ်းပျက်ဝမ်းလျှောရောဂါအလစ်ချောင်း | ဖီဖီ(ဆေးဝါးတက္ကသိုလ်) | ၆၀ |
| ဘီလူးနိုင်သူရဲကောင်း | ကာတွန်းပေါ်ကာ | ၆၃ |
| စိတ်ကောင်းရှိမှချမ်းသာရ | လင်းသက်ခိုင် | ၇၃ |
| အလိမ္မာမကလေးမကြေးမုံ | နန္ဒာမိုးကြယ် | ၇၇ |
| ရန်သူရဲ့ဆုံးဖြတ်ချက် | ကာတွန်းသန်းအောင် | ၈၁ |
| အပြုံးမဲ့နိဂုံး | လရိပ်မေ(သာပေါင်း) | ၉၆ |
| ဆိုးပေ | အရုပ်ဖော်မောင်ရဲသူ ရန်ကုန်တက္ကသိုလ် | ၉၈ |

# အယ်ဒီတာ့စကား

ကဆုန်လသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးမြတ်သော လတစ်လ ဖြစ်သည်။ စကားပန်းတို့ဖူးပွင့်ရာဤလအတွင်း ဗုဒ္ဓနှင့်သက်ဆိုင်သော အဖြစ်အပျက်များစွာရှိခဲ့လေသည်။

ဒီပင်္ကရာဘုရားထံတွင် ဘုရားလောင်းသုမေဓါရသေ့က ဘုရားဆုပန် ခဲ့သည်မှာ ကဆုန်လတွင်ဖြစ်သည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားကို မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့တွင် သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ရောက်တော်မူသည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်အင်္ဂါနေ့တွင် ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူပါသည်။ ထို့ကြောင့် ဤလ၏ လပြည့်နေ့ကို ကဆုန်လပြည့်ဗုဒ္ဓနေ့အဖြစ် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့က ထူးမြတ်စွာ ကျင်းပကြသည်။


“ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်” ဟူသော စကားနှင့် အညီ ဤလ ကား အပူရှိန်လွန်ကဲလှရာ မြတ်စွာဘုရား ပွင့်တော်မူခဲ့သည့် ဗောဓိပင်ကိုရည်မှန်းကာ ဗောဓိပင်ပွားများကို ညောင်ရေသွန်းလောင်းကြသည်။ ထို့ကြောင့်ကဆုန်ညောင်ရေသွန်းပွဲ ဖြစ်ပေါ် ရသည်။


ဗုဒ္ဓနှင့်သက်ဆိုင်သော ပွဲတော်တစ်ခု ဖြစ်သဖြင့် ညောင်ရေသွန်းပွဲကို သွားလာကြသော လူကြီး၊ လူရွယ်၊ လူငယ်ကလေး အားလုံးတို့သည် ယဉ်ကျေးစွာဝတ်စားဆင်ယင်ကာ ကိုယ်မှု၊ နှုတ်မှုတို့ကို ထိန်းသိမ်း၍ဘုရားကို အာရုံပြုသည့် ဖြူစင်သော စိတ်ထားကောင်းများမွေးသင့်ကြပါသည်။

ဤကဆုန်လပြည့်နေ့တွင် မြန်မာပြည်သူ ပြည်သားအပေါင်းဘေးဘယာ ဝေးကွာပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ကင်းကြပါစေကြောင်း ပုံပြင်ကမ္ဘာ ကလေးရုပ်စုံစာစောင်က ဆုမွန်ကောင်း တောင်းအပ်ပါသည်။


**အယ်ဒီတာ**


ခေါင်းမာသော ဆိတ်ကလေးများ
ကာတွန်း
တစ်ခါက ရွာတစ်ရွာတွင် ဆိတ်ကျောင်းသားကလေး သည် နေ့စဉ် နံနက်စော စော အိပ်ရာမှထပြီး ဆိတ် များကို စားကျက်သို့ ပို့ ရသည်....
ညနေစောင်း နေဝင်မိုး ချုပ်မှ ဆိတ်များကို ဆိတ်ခြံတွင်းသို့ ပြန် သွင်းပြီး အိမ်ပြန်ရ သည်..
တစ်ညနေတွင် ဆိတ်ကလေးများက စားကျက်မှ မခွာပဲ ပေကပ်နေကြသည်.
ကျောက်ဆူး ချ ထားတဲ့ သင်္ဘောကြီးလို မလှုပ်တမ်းပေါ့ နော်..
အေးပါ
စိတ်ချ.



သွားပါကွာ
တွန်းဆောင်းကြည့်သော်လည်း တုတ်တုတ်မျှ မလှုပ်ကြပေ။
တစ်ဖန် ရှေ့မှ ဆွဲခေါ်ပြန်သော်လည်း လုံးဝ မရွေ့ပဲ ဖြစ်နေသည်..
လာပါကွ
ရိုက်မောင်း ပုတ်မောင်း လုပ်ကြည့်သော်လည်း ပြန်ချိန် ဆောင်နေကြ ပြန်သောကြောင့် အခက်တွေ့နေသည်..
ဟဲ့. မပြန်ရင်တော့ ရိုက်ရလိမ့်မယ်
ထိုအချိန် နေဝင်သွားသဖြင့်..
ဟာ နေဝင်သွားပြီ ချကွာပါပဲ..



မှောင်စပြုလာရော အိမ်မပြန်မီမိုး
ချုပ်မည့် အရေးကို တွေးမိပြီး
မိုးချုပ်ရင် အဖေရိုက်တော့ မှာဘဲ...
နောက်ဆုံး၌ မကြံတတ် တော့ပဲ ထိုင်၍ ငိုချလိုက် တော့သည်။...
ဟီး
ဟီး
ရှုတ်
ရှုတ်
ထိုအချိန် ယုန်ကလေး တစ်ကောင် ရောက်လာပြီး
ဟေ့ကောင်လေး ဘာဖြစ်လို့ ငိုနေ တာလဲ..?
မိုးလည်းချုပ်ပြီ.. ဆိတ်တွေကလည်း ပေ ကပ်ကပ်နဲ့ မပြန်ကြဘူး.. အဖေရိုက်တော့မှာဘဲဗျ.. ဟီး... ရှုတ်..ရှုတ်
အို့. ငါကူညီပါ့မယ်ကွာ မငိုနဲ့..တိတ်တိတ်.. ဒါ လွယ်ပါတယ်..
သို့ဖြင့် ဆိတ်ကလေး များထံ သွားပြီး...
ငါ့ညီတို့ ပြန်ကြရအောင်ပေါ့.. မိုး လည်းချုပ်နေပြီ..အစာ လည်းဝပြီ မဟုတ်လား ကွယ်
နင့် အလုပ်လား



အော်.. ငါ့အလုပ်-ငါ့အပူ တော့ ဘယ်ဟုတ်မလဲ.. ငါက ကောင်လေး ကို သနားလို့ သူ့အစား တောင်းပန်တာ အသနားခံတာ. သူ့ခမြာ မင်းတို့ သနားမှ ချမ်းသာမှာပါဟ
နင့် အပူ လား
ဟုတ်သေးဘူးလေ.. ပဲ့ကောင်လေးလည်း ထမင်း ဆာလှရောပေါ့.. မိုးချုပ်ချုပ်ချင်း မှပြန်ရင် သူ့အဖေကရိုက် ဦးမှာကွ..
ဒါကြောင့်... ယုန်ကလေးလည်း ပြန်လှည့်လာပြီး...
သည်ဆိတ်တွေ တယ်ခေါင်းမာတာပဲ. ငါလည်း မင်းလိုပဲ.. ငို ချင်လာပြီ.. ရှုတ်...ရှုတ်
မဆိုင်သူ လာမပြောနဲ့...
ထိုအချိန် ခွေးတစ်ကောင် ရောက်လာပြီး
ဟေ့ကောင်တွေ.. ဘာဖြစ်နေကြတာလဲ..
အိုဗျာ.. သူ့ဆိတ်တွေကို သူ့အိမ်ပြန်ခေါ်တာ မရလို့ ငိုတယ်. ကျွန်တော် တောင်းပန်ပေးတာလည်း မရလို့ ကျွန်တော်ပါ ထိုင် ငိုနေတာ...
ငါကူညီပါ့မယ်ကွာ မငိုကြပါနဲ့... တိတ်ကြတော့..
ဟင့်.. ဟင့်



ဆိတ်တွေအနား ရောက်သောအခါ
အို. မောင်ရင် ဆိတ်တို့ - မိုးချုပ်ပြီလေ. ပြန်ကြရအောင်!..
နင့်အလုပ် လား
ဘယ်
ဘာလုပ်တာလဲ ဘာဝုတ်တာလဲ..သတ္တိ ရှိရင် ရှေ့တိုးကြည့် စမ်း
နောက်ဆုံး မောပန်းလာသဖြင့် ယုန်ငယ်နှင့် ဆိတ်ကျောင်းသားထံ ကပ်သွားကာ...
ငါတော့ လက်လျှော့ပါပြီ ရှက်လည်းရှက်ပါရဲ့.- ငါလည်း မင်းတို့လိုပဲ ငိုချင်လာပြီ
ထိုစဉ် ဝံပုလွေ တစ်ကောင် ရောက်လာပြီး
မောင်ရင်တို့ ဘာလို့ ငိုနေကြ တာလဲ..ဟာ


ဟာမျာ.. ပြောတောင် မပြောချင်ဘူး ကောင်လေးက.. ဆိတ်တွေ အိမ်ပြန်မောင်းတယ်. မရတော့ဒို.. ကိုရွှေယုန်က ချော့မော့ပြောတော့လည်း မရလို့ ဒို.. ဒါနဲ့ ကျွန်တော်လည်း သည်ဒေါင်းမာတော့ ဆိတ်တွေ ပြောဆိုခြောက်လှန့်ကြည့်တာ အာခံနေတော့ ရှက်ရှက်နဲ့ ဒိုင်းဒို လိုက်တာပဲ..
အာမယ်လေး.. ဆိတ်လောက်တော့ ရယ်တာပေါ့ ငါလုပ်ပေးမယ်.. အဲဒီ ဘိတ်ကြစမ်း... ဟဲ..ဟဲ..ဟဲ
ဆိတ်ကလေးတွေနားရောက်သွားသော်....
ဟဲ့.. ကောင်တွေ မိုးချုပ်ပြီ ပြန်ကြတော့
ခင်ဗျား အလုပ်လား
ဩဟယ် ဆိတ်ဟားဝလျှချည်းလား ခုပြန်.. မပြန်ရင် ကိုက်စားမိလိမ့်မယ်.. ဂဲ.ရ ဂဲရ. ဂဲရ.
နင်လေညီး အာစွယ်နဲ့.. တို့ကလည်း ချိုနဲ့.. ရှောတစ်ချမ်း တိုးကြည့်စမ်း


အင့်-ဟင့်... အဘော်ခေါင်းမှာ ပါလား.. ငါက လှန့်ကြည့်တာ-တကယ် ကိုက်စားလို့လည်း မဖြစ်သေးပါ ဘူး- သည်တစ်ခါတော့... ဝံပုလွေ သခင်ကြွာ ကျပါပ ကောလား.. ငါလည်း ငိုချလောပြီ...
ရဲဘော်တို့ ဘာလို့ ငိုနေကြ တာလဲ..
လေးဦးသား ငိုနေကြစဉ် ပျားတစ်ကောင် ရောက်လာပြီး စုံစမ်းပြန် တယ်..
ပထမ ပဟိုချာတိတ်က ဘူ့ဆိတ် ခေါ်မရလို့-ငို..ပြီး တော့ ကိုရွှေယုန်က.. ငို... ခုတော့ ငါလည်း ငို..
ကျွန်တော်ကူပါ့ မယ်လေ..
တော်စမ်းပါ. ကိုယ့်ကိုတောင် တော်လျှန်တဲ့ ဆိတ်တွေကို မင်းလိုပျားက ဘာမှမလုပ်ပါ တို့လိုသာ ထိုင်ငိုစမ်းပါကွာ...
ပျားလည်း ဆိတ် ကလေးများထံ သွားပြီး....
မုန်းတယ်...
မုန်းတယ်.
မုန်း.. မုန်း



အဲသည်လို မူးနေကြစဉ် ပျားသည် အကြီးဆုံး ဆိတ်ရဲ့ နားအတွင်း ဝင်၍ တုတ်လိုက်လေ၏..
ဟာ...
နာလွန်း၍ ထခုန်အော်ဟစ်ပြီး ပြေးသဖြင့်...
ကျန်ဆိတ်များလည်း ထိုဆိတ်နောက်သို့ ပြေးလိုက်ကြကာ.. အိမ်သို့ရောက်သွားမှ
ဟဲ-ဟဲ-
ခစ်.ခစ်.
ဟီး..ဟီ
ဟား ဟား..ဟား
အစွမ်းကိုယ်ပါပြီ ရှိကြလေသည်ဟု ပြောဆိုပြီး ရယ်နိုင် ပြုံးနိုင် ရှိကြလေတော့သတဲ့ ကွယ်..
ကာတွန်း


ငွေရောင်ခြင်းတောင်း
သရုပ်ဖော်
'နာဂဘဒ္ဒါ' မြစ်ရဲ့ ကမ်းစပ်မှာ 'ဝိကြမာဒိတ်' ဘုရင်ကြီးရဲ့ နန်းတော်ရှိသတဲ့.. 'ဂိုပင်' ဆိုတဲ့ အဖေမဲ့လူငယ်လေးတစ်ယောက်ဟာ မင်းသမီး 'နန်ဒီနီ' နဲ့အတူ ငွေရောင်ခြင်းတောင်းတစ်လုံးအပြည့် ပန်းမျိုးစုံကို ခူးပြီး ပြန်လာခဲ့တယ်...
သူတို့နှစ်ယောက် အတူပြန်လာရင်း မှတ်တိုင်မြို့နား အဘိုးအိုတစ်ဦးကို လူတစ်စုနဲ့ စကားပြောနေတာကို တွေ့လိုက်ကြတယ်...
ဒီအဘိုးအိုဘာတွေ လုပ်နေတယ်ဆိုတာ သွားကြည့်စမ်း 'ဂိုပင်'..


မကြာကြာတော့ ပိုဗင် ပြန်ရောက်လာတယ်။
အာကိုးအိုက မေ့ဖင်ဆက်ပါ။ သူက လူတစ်ယောက်ကို ဘယ်သူနဲ့ အိမ်ထောင်ကျမယ်ဆိုတာကို ဟောပြောနိုင်ပါတယ်..
ဟုတ်ရဲ့လား.. သူက ဘယ်လို ဟောတာလဲ..
သူက မြစ်နှစ်ထုပ်ကို ယူပြီး ပုံးပြီး စည်းလိုက်တယ်၊ ဒါကို မြပုလ္လကြီးရဲ့ တစ်ခုတွဲမယ် မောင်နှံထုံးလို့ပြောတယ်တဲ့..
အဲဒီ အာကိုးအိုဆီ ပြန်သွား၊ ငါ ဘယ်သူနဲ့ လက်ထပ်ရမလဲလို့ သိအောင်မေးလာခဲ့...
ကောင်းပါပြီ..


‘ဂိုပင်’ အဘိုးအိုဆီထွက်သွားတော့ ‘နန္ဒိနီ’ ဟာ ပန်းခြံထဲမှာစောင့်နေလိုက်တယ်..
အဘိုးအိုဆီရောက်တော့ ‘ဂိုပင်’က...
အဘိုးခင်ဗျာ.. ကျွန်တော်က ဘုရင့်မိသားစုကနေ လာတာပါ. တခြားသူတွေ မကြားရအောင် အဘိုးနဲ့ နှစ်ယောက်ထဲ စကားပြော ချင်ပါတယ်..
အဘိုးအိုနဲ့ ဂိုပင်တို့ ခပ်လှမ်းလှမ်းကို လျှောက်သွားရင်း...
ဘုရင့်သမီးတော်က သူ လက်ထပ်မယ့်သူဟာ ဘယ်သူလဲ သိချင်နေလို့ပါ...
အဘိုးအိုဟာ ဖြက်ထုံးနှစ်စုကိုသုံးလို့ မှုံးချည်ကြိုး ‘ဂိုပင်’ကို ပြုံးကြည့်လိုက်တယ်။ ပြီးတော့မှ...
မင်းဟာ မင်းသမီးလေးနဲ့ လက်ထပ်ရမယ့်သူပါပဲ...


ဗျာ… အဘိုးများပြောတာပါ..
ကျွန်တော်က မင်းသမီးရဲ့
အစေခံတစ်ဦးပါ..
မမှားနိုင်ဘူး…
မင်းဟာ သူ့ရဲ့ခင်ပွန်း
ဖြစ်လိမ့်မယ်..
မင်းသမီးလေးဆီပြန်ရောက်တော့..
ကဲ..ကိုဖြင့်
သူဘာပြောလိုက်လဲ..
မင်းသမီး..ဒီဗေဒင်ဆရာ
အဘိုးအိုက ဘယ်တော့မှအမှန်
မပြောဘူး– သူပြောလိုက်တာ
ဆိုးရွားလို့ ကျွန်တော်ပြန်ပြီး
မလျှောက်တင်ဝံ့ပါဘူး..
မလိုချင်ဘူး.. အဘိုးပြောခဲ့တာ
ငါ့ကိုလျှောက်တင်လို့ မင်းကိုငါ
အမိန့်ပေးနေတယ်..


ကောင်းပါပြီ.. မင်းသမီးက ပြောဆို.. ကျွန်တော်ပြေးပြ ပါ့မယ်.. ကျွန်တော့်ကိုမင်းသမီးက လက်ထပ်ရလိမ့်မယ်လို့ပြောပါတယ်..
ရိုင်းလိုက်တာ.. မင်းကငါ့ကို ဒီလိုချောက်ချခဲ့ တယ်ပေါ့..ကွာ
မင်းသမီးဟာ အလွန်စိတ်ဆိုးပြီး ပန်းတွေထည့်ထားတဲ့ဖြူရောင် ခြင်းတောင်းနဲ့ပစ်ပေါက်လိုက်တာပေါ့...
ဖြူရောင်ခြင်းတောင်းလေးဟာ ကိုမျိုး ရဲ့နဖူးကို ထိမှန်ပြီး သွေးတွေစီးကျလာတော့တယ်...
မင်းဟာဘုရင့်သမီးတော်ပဲ ဖြစ်ဖြစ် ငါ့ကိုဒီလိုတော့မလုပ်သင့် ပါဘူး..တော်ပြီ မင်းကိုငါ မတွေ့ချင် တော့ဘူး...


နောက်တစ်နေ့ မနက်စောစောမှာတော့ ကိုဗင်ဟာ ပစ္စည်းအနည်းအကျဉ်းကို ထုပ်ပိုးပြီး ခရီးထွက်ခဲ့တယ်။
သည်လိုနဲ့ မြို့ကြီးတစ်မြို့ကို ရောက်သွားခဲ့တယ်။
အဲဒီမြို့မှာ ရှိတဲ့လူတွေဟာ အဝတ်အစား အကောင်းတွေကိုဝတ်ဆင်ထားပြီး ပျော်ရွှင်နေကြတယ်။
အနားကိုရောက်လာတဲ့ ကလေးတစ်ယောက်ကို မေးလိုက်တယ်။
ကောင်လေး ဒီမှာ..ဘာတွေဖြစ်နေကြတာလဲ...
ဦးမသိဘူးလား ဒီနေ့ဘုရင်အသစ်တစ်ပါး ရွေးချယ်မလို့လေ..


ကျွန်တော်တို့ဘုရင်ကြီး နတ်ရွာစံခင်မှာ နောက်ဘုရင်ကို သူ့ရဲ့ဆင်တော်က ရွေးချယ်ရမယ်လို့ အမိန့်တော် ချမှတ်ခဲ့တယ်... ဒါကြောင့် မင်းညီမင်းသားတွေနဲ့ သူကောင်းမျိုးတွေဟာ မြို့ကိုလာကြတာပေါ့... လာ ကျွန်တော်တို့ သွားကြည့်ရအောင်..
"ဂိုမင်"ဟာ ကောင်လေးနဲ့အတူ နန်းတော်ရှေ့ရှိ လူအုပ်ကြီး စုဝေးရာသို့ ရောက်လာခဲ့သည်။
ဆင်ဟာ ရတနာဆင်တော်ဖြစ်ပြီး.. ဘုရင်အဖြစ် ရွေးချယ်ခံရမယ့်သူရဲ့ လည်ပင်းမှာ ပန်းကုံးကို စွပ်ပေးမှာပေါ့..
ဆင်ဟာ ခပ်ဖြည်းဖြည်းသွားရင်း မင်းညီမင်းသားတွေနဲ့ သူကောင်းမျိုးတွေအားလုံးကို ကြည့်ပြီး ဘုရင်အဖြစ် မရွေးချယ်ဘူး...


ဒီတစ်ခါတော့ ဆင်ဟာ လူအုပ်ကြားကို လျှောက်သွားတော့တယ်..
ဟို ဆင်ကြီး ဘုရင့်ရှေ့ရောက်ပြီဟေ့..
ရတနာဆင်တော်ကြီးဟာ အေးဆေးစွာ ဆက်လျှောက်နေတယ်...
ဘုရင်အဖြစ် ရွေးချယ်ခံလိုက်ရတော့ ဝန်ကြီးတွေနဲ့ မှူးမတ်တွေဟာ 'ဂိုဗင်း'ဆီကို လာလို့ အလေးအမြတ် ပြုကြတာပေါ့..
ဆင်တော်ဟာ 'ဂိုဗင်'နားကို ရောက်တော့ ဆက်မသွားပဲ 'ဂိုဗင်'ကို သေသေချာချာ ကြည့်တယ်.. ပြီးတော့ 'ဂိုဗင်'ကို ဦးညွှတ် လိုက်ပြီး ပန်းကုံးကို လည်ပင်းမှာ စွပ်ပေး လိုက်သတဲ့...
'ဂိုဗင်'တစ်ယောက် အံ့ဩလို့ မဆုံးခင် နန်းတော်ဘိုးတော်ကြ ဘုရင်အဖြစ် တင်မြှောက်လိုက်ကြ သတဲ့...


'ဂိုဗင်' ဟာ အသိဉာဏ် ပညာနဲ့ ယှဉ်လို့ အလုပ်ကိုကြိုးစားလုပ်ဆောင်ရင်း နိုင်ငံကို ကောင်းစွာအုပ်ချုပ်တာပေါ့... ဒါကြောင့် ပြည်သူတွေက သူ့ကို ကောင်းစွာချစ်ခင် လေးစားကြတာပေါ့...
သူ့ကို ရပ်လေးရပ်နှံ့မှာရှိတဲ့ တိုင်းပြည်တွေက... အကျင့်ကောင်းမွန်တဲ့ ဘုရင်အဖြစ် သိကြတယ်..
ယခုတော့ ဘုရင် 'ဂိုဗင်' ဟာ ထိမ်းမြားလက်ထပ်ဖို့ အချိန်ရောက်လာခဲ့ပြီ။ အမတ်တော်တွေကို သင့်လျော်မည့် သတို့သမီးကို ရှာခိုင်းတယ်။


နန်ဒီနီရဲ့ ဖခမည်းတော် ဘုရင် ဗလီဒရာဒက်မင်ဟာ ကျော်ကြားတဲ့ ဘုရင့်ကိုဗင် အကြောင်းကို ကြားတော့ သူ့ရဲ့ တမာန်တော်တွေကို စေလွှတ်လိုက်ပြီး မင်္ဂလာပွဲကို အတည်ပြုပေးလိုက်တယ်။ ဘုရင့်ကိုဗင် ကလည်း ဒါကို သဘောတူလက်ခံလိုက်တယ်။
နန်ဒီနီနဲ့ ကိုဗင်တို့ရဲ့ မင်္ဂလာပွဲကို တခမ်းတနား ကျင်းပခဲ့သတဲ့။ လူတိုင်းဟာ သူတို့ မင်္ဂလာစုံတွဲကို ချီးကျူးကြတယ်..
တစ်နေ့တော့ နန်ဒီနီက ကိုဗင်ကို..
ရှင့်ရဲ့ နဖူးက ဒဏ်ရာ ဘယ်လို ရလာတာလဲ..
ဒီအမာရွတ်က မြင့်မြတ်တဲ့ ဓောင်ဒွန့်ထုံး အမာရွတ်ပါ..
ကျွန်မ နားမလည်ဘူး ရှင်းရှင်းပြော ပြစမ်းပါ..


ဒီဒဏ်ရာက ကံကောင်းတဲ့ လက္ခဏာပါ၊ ဒီကြောင့်လည်း ငါ ဘုရင်ဖြစ်ခဲ့ပြီး မင်းရဲ့ခင်ပွန်းလည်း ဖြစ်လာခဲ့တာပေါ့...
ရှင်ပြောနေတာ ကျွန်မ မရှင်းဘူး၊ သေသေချာချာ ရှင်းပြ ပေးစမ်းပါ..
အော်.. မင်းဒီမှာ ခဏစောင့်နေ..
မင်း.. ဒါကို မှတ်မိလား...
'နန္ဒီနီ'ဟာ ခြင်းတောင်းလေးကို သေသေချာချာ ကြည့်ရင်း...
ဒါမှ ကျွန်မ သိတော့တယ် ရှင်က 'ကိုဖွင့်'ကိုး၊ ကျွန်မခြင်းတောင်းနဲ့ ပစ်ပေါက်ခဲ့တာ၊ ခွင့်လွှတ်ပါ ကိုဖွင့်ရယ် ရှင်မှီလို့ ထိခိုက်သွားမှန်း ကျွန်မ မသိလို့ပါ..


ခွင့်လွှတ်ပါတယ်ကွယ်.. အာမွန်ကတော့ ဒီခြင်းတောင်းနဲ့ ပစ်ခဲ့တဲ့မင်းကို ကျေးဇူးတင်ရမှာပါ..
အဲဒီတုန်းက မင်းစိတ်ဆိုးခဲ့ရင်၊ ဒီခြင်းတောင်းနဲ့ မပေါက်ခဲ့ရင် နန်းတော်ကနေ ထွက်လာခဲ့မှာ မဟုတ်ဘူး၊ ဘုရင်လည်း ဖြစ်လာခဲ့မှာမဟုတ်ဘူး၊ ဘုရင်မဖြစ်ရင် မင်းကိုလက်ထပ်ယူခဲ့လို့ရမှာ မဟုတ်ပါဘူး...
နောက်ဆုံးတော့ ဘကြီးအို ပြောခဲ့တာ အမှန်တွေပါပဲ...
ပြီး
2014

# ဖားစည်ပုံပြင်

ဆဲလ်ကျော့နိုင်



သားသားမီးမီးတို့ရေ... ဦးဦးအခုပြောမယ့် အကြောင်းအရာလေးက ဦးဦးတို့ကရင်လူမျိုးတွေ အမြတ်တနိုးထားကြတဲ့... ဖားစည်ရဲ့ သမိုင်းကြောင်းလေးပေါ့ တိုင်းရင်းသားရိုးရာ ပုံပြင်လေးလည်းဖြစ်တယ်ကွယ့်...

ဟိုး . . . . လွန်ခဲ့တဲ့နှစ်ပေါင်း ထောင်ကျော်လောက်ကပေါ့... သံလွင်မြစ်ကမ်းနံဘေးမှာ လူယောင်ဖန်ဆင်းလာတဲ့...ဖားမင်းသားနဲ့ နဂါးမင်းသမီးလေးဟာ အတိတ်ဘဝက သံယောဇဉ်ကြောင့် မြင်မြင်ခြင်း မေတ္တာသက်ဝင်ကြပြီး ပေါင်းဖော်ကြရာက ဥကြီးနှစ်လုံးကို နဂါးမင်းသမီးလေးကဥပြီး . . . နဂါးပြည်ကို ပြန်သွားခဲ့တာပေါ့။ အဲဒီဥကြီးနှစ်လုံးဟာ သံလွင်မြစ်ညှာက ရေစုန်မျောလာခဲ့တယ်။ ဥတစ်လုံးက ရှေ့ကမျောပါပြီး ဖားကြီးတစ်ကောင် ပေါက်ဖွားလာတယ်။ အနောက်က မျောပါလာတဲ့ ဥကတော့ နဂါးကြီးတစ်ကောင် ပေါက်လာတာပေါ့။ ဒါပေမဲ့ ဖားဆိုတာဟာ နဂါးရဲ့အစာဖြစ်တဲ့အတွက် ရာဇဝင်အဆိုအရ ဖားက ရှေ့ကပြေး။ နဂါးက အ နောက်ကလိုက်တဲ့အတွက် နောင်မှာ ဖားကပ်၊ ဖားပု၊ ဖားနွဲ့၊ ဖားအံ့ဆိုတဲ့ မြို့တွေ အသီးသီးဖြစ်ပေါ်လာခဲ့တယ်လို့ ဆိုကြတယ်ကွယ့်။

အဲဒီလိုနဲ့…ဖားကရှေ့ကပြေး နဂါးက နောက်ကလိုက်နဲ့ အခုဖားအံမြို့လို့ဖြစ်လာမယ့် နေရာမှာ နဂါးကြီးက ဖားကြီးကို မီလာပြီး နဂါးတို့ရဲ့ထုံးစံအတိုင်း ဖားကြီးကိုဖမ်းမိပြီး မျိုချလိုက်တာပေါ့…သို့ပေမယ့် နဂါးကြီးဟာ ဖားကြီးကို အစာအဖြစ်မျိုနေတုန်းမှာ၊ မျိုးမတူပေမယ့်၊ တစ်အူတုံဆင်း သွေးဆိုတဲ့အသိက ဝင်ရောက်လာတဲ့အတွက် ဖားကြီးကိုမမျိုရက်တော့ဘဲ ပြန်အံထုတ်လိုက်မိတာပေါ့ကွယ်… အဲဒီလို နဂါးကြီးက ဖားကြီးကို ပြန်အံထုတ်ခဲ့တဲ့နေရာဟာ အခုသားတို့ သမီးတို့သိနေကြတဲ့ ကရင်ပြည်နယ်ဒေသကြီးရဲ့ မြို့တော် "ဖားအံ" မြို့ကြီးအဖြစ်တည်ရှိ ထင်ရှားခဲ့တာပေါ့ကွယ်။

အဲဒီလိုနဲ့ ဖားကြီးဟာ သံလွင်မြစ်ကမ်းနားမှာ နေထိုင်ကျက်စားခဲ့တာပေါ့၊ ဒါပေမဲ့ ဖြစ်ချင်တော့ သုဝဏ္ဏဘုမ္မိလို့ခေါ်တဲ့ သထုံပြည်ကြီးဟာ တစ်နစ်မှာမကြုံစဖူးမိုးခေါင်တာကြောင့်တိုင်းပြည်မှာရှိတဲ့ လူတွေခမျာ "ဒုဗ္ဘိက္ခန္တရ" ကပ်လို့ခေါ်တဲ့ အစာရေစာငတ်မွတ်ခေါင်းပါးတဲ့ အဖြစ်နဲ့ကြုံတွေ့ကြတော့…သထုံပြည်မင်းတရားကြီးရဲ့ဟစ်တိုင်ကနေ လူသိရှင်ကြား တင်လျှောက်ကြတယ်လေကွယ်။

(အခုခေတ် အဆိုအရ ဆန္ဒထုတ်ဖော်တာပေါ့ကွယ်။)

အဲဒီအချိန်မှာ သထုံပြည့်ရှင် ဘုရင်ကြီးဟာ တစ်ညမှာပေါ့ အိမ်မက်မြင်မက်တော်မူတယ်… ဘုရင်ကြီးရဲ့ အိပ်မက်က…ဖားမဲကြီးတစ်ကောင်ကို သတ်စားရင် ခွန်အားကြီးမယ်။ အရေခွံကိုဆုတ်ပြီး စည်ကြွတ်တီးရင်း မိုးရွာမည်တဲ့…ဘုရင်ကြီးရဲ့ ပညာရှိအမတ်တွေကလည်း အိပ်မက်အရတင်လျှောက်ကြတာပေါ့ကွယ်။

အဲဒါနဲ့ တောကျွမ်းတဲ့ မုဆိုးတစ်ယောက်ကို ဖားမဲကြီး ရှာပုံတော်ဖွင့်ခိုင်းတာပေါ့… မုဆိုးကြီးလည်း မင်းမိန့်နဲ့တိုင်းပြည်အရေးမို့ ဖားမဲကြီးကို တောတောင်အနှံ့ရှာဖွေရာ အခုဖားအံဒေသမှာ ဖားမဲကြီးကို ရှာတွေ့ပြီးလေးနင့်ခွင်းလိုက်တာသေပါလေရော…ဖားကြီးကိုလည်း ချက်ချင်း အားအင်ခွန်အားတွေတိုးပွားလာအောင် အရေဆုတ်မီးကင်စားလိုက်တယ်။ အရေခွံကြီး ယူပြီး သုဝဏ္ဏဘုမ္မိသထုံပြည်ကို ပြန်တော့ ချက်ချင်းပဲ ပြန်လို့ရောက်သွားတာပေါ့…။

နန်းတော်ကို ရောက်တယ်ဆိုရင် ဖားမဲကြီး အရေခွံကို ဆက်သတော့ သထုံဘုရင်ကြီးက မုဆိုးကြီးကို ဆုလာဘ်တွေချပြီး ဖားမဲသားရေကို အမြန်ဆုံးစည်ကျက်လို့ တီးခတ်စေတဲ့ အခါမှာ မိုးခေါင်နေတဲ့ "သုဝဏ္ဏဘုမ္မိ" သထုံပြည်တစ်ခုလုံး မိုးသည်းထန်စွာရွာပြီး စိုက်ပျိုးရေးလည်း အောင်မြင်ဖြစ်ထွန်းလာတဲ့အတွက် ငတ်မွတ်ခေါင်းပါးတဲ့ ဘေး လွတ်ကင်းသွားတာပေါ့ကွယ်။

အဲဒီအချိန်ကစပြီးကရင်တိုင်းရင်းသားတွေဟာ ဖားစည်အသုံးပြုပြီးအမြတ်တနိုးထားခဲ့ကြတယ်။

ဖားမဲကြီးသေဆုံးတဲ့နေရာကို ဖားမဲတောင်လို့ခေါ်ကြပြီး ဖားကြီးကို နဂါးကြီးကအန်တဲ့နေရာကို အစွဲပြုလို့ ဖားအံရွာလို့ သမုတ်ခဲ့ကြတယ်ကွယ့်။

သားသားမီးမီးတို့ရေ…

ဖားစည်ရဲ့ပုံပြင်ကလေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ…

ကြီးပွားတိုးတက်အောင်မြင်ကြပါစေ။

ဆဲလ်ကျော့နိုင်




ကလေးတို့ရေ.... သူတစ်ပါးရဲ့..ပစ္စည်းကို..မတရား..မယူချင်ရဘူး...။ ရယူလိုတဲ့ လောဘဟာ..မီးလိုပူတယ်..။ လောဘကြောင့်ပျက်စီးတတ်တယ်..။ ကလေးတို့..လူတော်လူကောင်း..ဖြစ်ချင်ရင်..လောဘကင်းအောင် နေရမယ်ကွယ့်..။ လောဘကြောင့်..ပျက်စီးရတဲ့..သာဓကကို..ဘုရားရှင် က..သေရိဝဇာတ်..ကို..ဟောတော်မူခဲ့တယ်ကွဲ့...။




မာခွေ.. ကျွန်ုပ်..မာရိဒ္ဓမှုရ.. မြို့ကို..ရွဲရောင်းသွားမလို့..
ဘာ..ကျုပ်လည်း ရွဲကုန်သည်ပဲ..ကျုပ်တို့ တစ်ခရီးထဲ..ရောင်းလို့ မသင့်ဘူး ..။
တစ်ခုတော့ရှိတယ်... ကျုပ်ရောင်းတဲ့နေရာမှာ..ခင်များ မရောင်းပါဘူး..ဆိုရင်တော့..။
ဖြစ်ပါတယ်.. ခင်များကြိုက်တဲ့နေရာ ရောင်းပါ..။
ကျုပ်မြို့လယ်ပိုင်းရောင်းမယ်.. ခင်များမြို့စွန်ရပ်ကွက်တွေမှာရောင်း..။
ကောင်းပါပြီ..
ဟင်း.. ဟင်းဟင်း မြို့လယ်ပိုင်းမှာ..ချမ်းသာတဲ့ လူတွေများတာ..ငါပိုရောင်းရ တော့မယ်.. ဟဲ... ဟဲ..။


ဘုရားလောင်း .. ရှဲကုန်သည် .. သည် .. မိမိမှာတွေ့ကြုံသတင်းမှတ်ထား သော .. နေရာသို့ .. ထွက်ခဲ့သည် ..။
ရှဲမျို့ .. ရှဲသည် လာပြီမျို့ .. ။
လောဘကြီးသော .. ရှဲကုန်သည်ကား မြို့လယ်ပိုင်းမှာ .. ရှဲရောင်းထွက်ခဲ့၏ ..။
ဟူး .. မာဝင်ကြီးပြီး .. ရောင်းဘို့လာလိုက်တာ .. ယယ်မဲ့ သူလည်း .. မရှိဘူး .. ဟို ရှဲသည်သွား မယ်လမ်းကို .. သူမှာရင် .. ရောက် အောင် .. ငါသွားရောင်းမယ် ..။
မာကြီးဖြင့် .. တဲတန်းတလျှောက် .. ဝင်ခဲ့သည် ..။ တစ်နေရာမှာရောက် .. တဲလေး အတွင်းမှ .. ။
ရှဲတွေ .. ရှဲလုံး တွေ ..
ဟော .. ရှဲသည်လာ တယ် .. မာသွားသမီး ကိုချင်လိုက်စာ ..။



ငါ့မြေးရယ်.. အဘွားတို့မှာ စားဖို့တောင်.. မနိုင်ငနိုင် .. ဘယ်ဆေးဝါးပြနဲ့ .. ဝယ်ရ မှာလဲကွယ်..။
အဘွား ဟိမ်နားရောက် လာပြီ.. ခေါ် လိုက်မယ်..။
ဟော် .. ငါ့မြေးအဘွား ဒုက္ခကလည်း .. မသေးပါလား ယခုတုန်းက .. ရှတုံး ရှာခဲ့တော့ တွေ့တော့ .. ဝယ်နိုင်ခဲ့တယ်.. သူဌေးကြီးမရှိမှ .. ခိုးမှားတွေ ပျက်ခဲ့တာ .. ရှိလုံးတောင် မဝယ်နိုင်ပါလားနော် .. ဒုက္ခ.. ဒုက္ခ...။
ဟော.. ဟိမ်ရော ရောက်လာပြီ.. ခေါ်လိုက်တော့ မယ်..။ ရွှေကုန်သည်ကြီး.. လာပါဦးရှင့်...။
ရွှေကုန်သည်ကြီး ဝင်လာပြီး...။
တစ်ကယ်ဝယ် နိုင်ရဲ့လား.. ဈေးခဝ် လို့တော့.. မရဘူး..



မယားဖြစ်သူ..တဲထဲဝင်သွားပြီး..ပြန်ထွက်လာသောအခါ..အရောင်အဆင်း..စုံညီလှသော ခွက်တခု..ပါလာသည်..။
ကဲ..မောင်ရင်ရယ် ငါ့မြေးလေး..ပုခက်ကွန်းလို့ မယားတို့မှာ..ပေးစရာဘာမှ မရှိလို့..ယောဒီခွက်လေးနဲ့ တတ်နိုင်သလောက်လေး ပေးခဲ့ပါကွယ်..။
အင်း..အသုံးခံ အလှခံ..ရွှေဆေးဆွ ပေးလိုက်ပြီး..ခွက်ကိုယူလိုက် ရင်..နှုန်းမြတ်နိုးလာမယ်..။
မဟုတ်ဘူး..ဖြစ်ပါပြီ.. ခင်ဗျားရဲ့ခွက်..။
ခွက်ကလည်း ဈေးမဝယ်ပါနဲ့..။ အရောင်အဆင်း မရှိ...။


ရဲကျော်နှင့်သည်လည်း..ချက်ကို
ခွဲ၍ကြည့်လိုက်ရာ..။
ဟင်.. ဒါ..ရွှေချက်မှာစပ် ပါပါလား..။
ရွှေချက်မှန်း သိပြီးသော်.. ဗာလကားယူလိုသော .လောဘ ကြောင့်.. ရွှေများကိုပြန်ယူပြီး..။
ဒီကောင်..ဟောင်းနွမ်း စုတ်ပြတ်နေတဲ့.. ချက်ကြီးနဲ့.. ကျုပ်ရဲ့ရွှေတွေနဲ့.. မလဲနိုင်ဘူး.. ရော့.. ဒီချက်စုတ်...။
မျက်ရည်ဝဲနေသော..မြေးမ အား..ချော့မော့နေသော အဘွား ကို..ကျောခိုင်း၍..ထွက်ခဲ့သည်..။
ဟိ..ဟိ..ပြီးမှ ရွှေနဲနဲပေးပြီး.. ရွှေချက်ကြီး..ပြန် လာယူမယ်..။


ထို့နောက်..ပုံမှန်အတိုင်း..ရောင်းလာခဲ့သော.. ဘုရားလောင်း..ရွှေကုန်သည်လည်း ဖြိုးအဘွား အိမ်ရှေ့မှာရောက်..။
ရွှေလုံးလှလှလေး တွေ..ဝယ်ကြဦး မလား..။
ဟော..အဘွား နောက်တစ်ခေါက်လာပြန် ပြီ..ခွက်စုတ်ကြီးနဲ့..လဲကြည့် ပါဦး..ဒီတစ်ခါ..မရရင်.. မယူခဲ့တော့ပါဘူး..။
ဟဲ..ဟဲ ခေါ်ကြိုက်..။
ရွှေကုန်သည်ကြီး လာပါဖုံး..။
ဪ..မာတော်ကို ဆင်းရဲရှာသတဲ့..။


မမောင်ရယ်.. အဘွားတို့မှာ ရဲ့ဝယ်ဘို့.. အသပြာ.. မရှိပါဘူး..။ ဒါပေမဲ့.. မြေးမလေးက.. ဘိပ်လိုချင်နေလို့.. ဟောဒီခွက်လေးနဲ့.. တန်ဘိုးမျှပြီး.. လဲနိုင်ရင်.. လဲခဲ့ပေးပါကွယ်..။
အဘွားရဲ့ခွက်ကို ကြည့်ပါရစေဦး..။
ဟောဒီခွက် ပါပဲ.. မောင်ရယ်..။
ဘုရားလောင်းရဲ့ကုန်သည်လည်း ခွက်ကို.. မာတော်အချာယူ၍ ပွတ်လိုက်ကြည့်လိုက်နှင့်..
ဟင်.. ရွှေသား စစ်စစ်ခွက်ကြီးပါ လား..။


မာသွားခင်ဗျာ.. ကျွန်တော့်မှာ ဒီခွက်နဲ့..ထိုက်တန်တဲ့..ရွှေများမပါ ဘူးခင်ဗျာ.. ဒီခွက်က အသပြာ တစ်သိန်းထိုက်တဲ့..ရွှေခွက်ပါ..
မောင်ရင် တကယ်ပြော နေတာလား..,
တကယ်ပါမာသွား.. ကျွန်တော်မှာ..ဒီခွက်ရဲ့ တန်ရာတန်ကြေးပေး ဘို့..မပါပါဘူး..,
မာသွားဆုံးဖြတ်ချက် ချလိုက်သည်..။
မှင်း..တစ်သိန်းတန်တဲ့ ရွှေခွက်တဲ့.. ဒီခွက်ဟာ..ဒီမြေးမာသွား လက်ထဲမှာ..အန္တရာယ်ရှိနိုင်တယ်.. ဒီတော့ ထိုက်တဲ့သူရပါစေ..။ ကဲမောင်ရင်.. စောစော က ရွကုန်သည်က..ခွက်စုတ်ကြီးဆိုပြီး..ပစ်ချ ထားခဲ့လို့..မောင်ရင်လက်ထဲ..ရောက်တာ.. မောင်ရင်နဲ့ထိုက်တန်လို့ပေါ့ကွယ်..။ မောင်ရင်..ပေးချင်သလောက်သာ.. ပေးသွားပေတော့ကွယ်..,


ဘုရားလောင်းလည်း..ပေးသူက..အတင်း ပေးနေသည်မို့..မငြင်းသာတော့..။
ဒီလိုလုပ်ကြရအောင် ဒီခွက်ကို..ကျွန်တော်ယူသွားရမယ်ဆိုရင်..ပါသမျှရွှေအားလုံးနဲ့ အသပြာငါးရာ..ကို..ယူထားလိုက်ပါ..။ လမ်းစရိတ်..ရှစ်အသပြာ ယူသွားပါမယ်ခင်ဗျာ..။
သို့ဖြင့်..ဘုရားလောင်းသည်..ရွှေခွက်ကို ယူ၍..နီလဝါဟာ..မြစ်ဆိပ်သို့..ထွက်လာ ခဲ့သည်..။


ထိုအချိန်တွင်..လောဘကြီးသော..
ရွာကုန်သည်မှာ..ပြန်လာပြီး...။
ဟိ..ဟိ..
ရွှေခွက်ကြီးကို..ပြန်
ယူရတော့မယ်..။
တဲရှေ့သို့..ရောက်သော်..
ရွှေလုံးများခွဲဝေနေသော
မိန်းကလေးကိုမြင်ပြီး..။
ဟင်..ရွှေတွေ
ခွဲဝေနေပါလား..ဒီ
ရွှေတွေ..ဘယ်က
ရတာလဲ..။


ဓောဓောက..ဦးဦး ပေးသွားတာ..။
ဘယ်ဟာက..ဦးဦး လဲ..
မာသွားဖို့ဝွက် လာပြီး...။
မင်းလိုရဲရောင်းတဲ့..ဘုရင် တစ်ပါးပေါ်ကပဲ..မင်းနဲ့တော..ကျွာ တယ်..မင်းလှူပေးခဲ့တဲ့..ခွက်ခုတ်ကြီး ကို..ရွှေခွက်ဆိုပြီး..သူ့မှာပါတဲ့..ရွှေလုံး တွေနဲ့အသပြာ..ငါးရာကိုပါ..ချမ်းမောကို ပေးသွားတယ်....အခုဖြစ်ဆိုင် ကို..သွားလေရဲ့..။
မောင်မယ်လေး ကိုယ်ကျိုးတော့..နည်းပါပြီ.. ဟိုမကောင်းစိန်နောက်..လိုက် မှပဲ..။


လမ်းတစ်ချောက်.. မြေးရင်း ပျောက်ဟာစ်သွားသည်..။
မြေးကလေးကို..ဖမ်းကြ ပါဦး..ဟဲ့ရှင်..ကျုပ်မြေးချက် ကို..ယူသွားတယ်..ပေးပါ ပြန်ပေးခဲ့..ကျုပ်မြေးချက် ကို..ပေး...။
သူရှားဆောင်းရွက်နေသည်လည်း လှေဖြင့်..တစ်ဘက်ကမ်းသို့..ကူး သွားလေပြီ..။
မြစ်ဆိပ်တွင်.. အိုကြီးအဘွား ရှာနေသည်ကား..ခန့်ပေါက် ပျောက်ဟာခြင်း..ကျန်ခဲ့သည်..။


ကျုပ်ရွှေခွက်ကြီး
ပြန်ပေး..ရုံးတော်က..ရှေ့ဖြစ်
ငါလည်း..သူဌေးဖြစ်..ခွက်တော့
ငါ့ရွှေခွက်ကြီး..သူ့နောက်ပါသွား
တော့..မူပြီ..မာမာလေး..ရစ်တော့
ပူညိုက်တော့..လည်ချောင်းပါ
ကွဲကုန်ပြီ..။
လောဘသမားပုဏ္ဏားကျွန်းနှင့်..ဆဝမော
ဆိုကာ..ပါးစပ်ထဲမှ..သွေးများ
မွှန်မွှန်ဖော်ကျလာ၏..။
နောက်ဆုံး..နဖူးကွဲကာလဲကျ
သေဆုံးသွားတော့သည်..၊
ရှူ..ရှူ
ငါ့ရွှေ....
ထင်ပေါ်ကျော်ကြားသော..လောဘသား
ရှဲကုန်သည်..သည်..ဗေဝဒတ်..၊
ပုဏ္ဏားကို..ရှဲကုန်သည်ကာမူဒ္ဒလွှတ်တော်သွား
ဖြစ်လေ၏..။
ကဲ..ညီ..ညီမလေးတို့လည်း..သူတစ်ပါး..ဥစ္စာပစ္စည်းကို..မတရား
နည်းနဲ့..မရယူချင်နဲ့နော်..ခဝင်းရဲ့ဘုံမှာ..အသက်ဆုံးရှုံးရနိုင်တယ်..၊
ဇာတက..ဗာဝေရုကဇာတ် ၊ သေရိဝ..ဝဏ္ဏ..။
ပြီး

# ရိုးသားဖြူစင် မောင်ဖြူစင်

သန္တာမြတ်သောင်း



ပုံပြင်ကမ္ဘာရဲ့ ပရိသတ်ကလေးတို့ရေ...

ဒီလအတွက် ပြောပြချင်တဲ့ ပုံပြင်လေးက“ရိုးသားဖြူစင်မောင်ဖြူစင်” ပါတဲ့။

စိတ်ထား ရိုးသားတဲ့သူ၊ ဖြူစင်တဲ့သူဟာ အောင်မြင်မှုတွေရတယ်။ စိတ်ထားကောက်ကျစ်ယုတ်မာသူကတော့ ဆုံးရှုံးမှုတွေပဲ ရတယ်ဆိုတာ ဒီပုံပြင်လေးမှာ သင်္ခန်းစာယူကြစို့။

ကဲ...မောင်ဖြူစင်လေး အကြောင်းဖတ်ကြည့်ရအောင်နော်။

ဟိုးရှေးရှေးတုံးက...ရွာတစ်ရွာမှာမောင်ဖြူစင်ဆိုတဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ အဲဒီမောင်ဖြူစင်ဟာ နာမည်နဲ့ လိုက်အောင် စိတ်ထားဖြူစင်သတဲ့။ သူတစ်ပါးကိုလည်း ကူညီတတ်တာမို့ မောင်ဖြူစင်ကို အများက ချစ်ခင်ကြတာပေါ့။

တစ်နေ့မှာ မောင်ဖြူစင်ဟာ တောအုပ်ကြီးထဲကို ထင်းခုတ်ဖို့ထွက်ခဲ့သတဲ့။ တောနက်ကြီးထဲရောက်တော့ နွံအိုင်ကြီးထဲမှာ နစ်ပြီး ကယ်ပါယူပါအော်ဟစ်နေတဲ့ မြွေကြီးတစ်ကောင်၊ ကျားကြီးတစ်ကောင်၊ မျောက်ကြီးတစ်ကောင်နဲ့ လူတစ်

ယောက်ကိုသွားတွေ့တာပေါ့။ နှံ့အိုင်ဆိုတာက လှုပ်လေ မြုပ်လေဘဲလေ။ မြွေကြီး၊ ကျားကြီး၊ မျောက်ကြီးနဲ့ လူတို့ဟာ သေမှာကြောက်ပြီး အော်ဟစ်နေတာ ကယ်ပါယူပါတစာစာနဲ့ပေါ့။

ဒီအဖြစ်အပျက်ကို တွေ့လိုက်ရတော့ မောင်ဖြူစင်ဟာ အသိပ်သနားသွားတာပေါ့။ သူတို့တတွေတော့ ငါမကယ်ရင် ဒုက္ခရောက်တော့မယ်ဆိုပြီး မောင်ဖြူစင်ဟာ နှံ့အိုင်ထဲက သူတို့ကိုကယ်ဖို့ ကြိုးစားသတဲ့။ မောင်ဖြူစင်ဟာ နွယ်ကြိုးရှည်ရှည်တစ်ချောင်းကို ခုတ်ပြီး နှံ့အိုင်ထဲကို ကြိုးစတစ်စကိုပစ်ပေးတာပေါ့။ မြွေကဦးဆုံး နွယ်ကြိုးကို ရစ်ပတ်ပြီး တက်လာတယ်၊ မြွေဟာ ကုန်းပေါ်ရောက်ရောက်ချင်း မောင်ဖြူစင်ကို ဦးညွှတ်ရှိခိုးသတဲ့။ ပြီးတော့ မြွေက...

"ကျေးဇူးတင်ပါတယ်မိတ်ဆွေ၊ မိတ်ဆွေရဲ့ ကျေးဇူးကို မမေ့ပါဘူး၊ ငါဟာဘုရင်မင်းမြတ်ရဲ့ ဥယျာဉ်ထဲမှာ နေတဲ့မြွေပါ။ မိတ်ဆွေ ဒုက္ခရောက်ရင် ဥယျာဉ်ဝကနေ အော်ခေါ်လိုက်ပါ၊ ငါလာခဲ့ပါမယ် " လို့ပြောသတဲ့။ မောင်ဖြူစင် ဒုတိယ နွယ်ကြိုးနဲ့ ဆွဲတော့ မျောက်ကြီးပါလာတာပေါ့။

မျောက်က မောင်ဖြူစင်ကို အကြိမ်ကြိမ်ကန်တော့ပြီး ဒီလိုပြောသတဲ့။

"မိတ်ဆွေ၊ ငါဟာဒီနားက ညောင်ပင်ကြီးမှာ နေတဲ့ မျောက်ပါ။ ငါ့မှာ အလွန်လှပတဲ့ ရွှေဘယက်ကြီးရှိပါတယ်။ မိတ်ဆွေကို ကျေးဇူးဆပ်ချင်ပါတယ်။ လိုက်ယူပါ"

လို့ပြောတာပေါ့။ နောက်တစ်ခါ နွယ်ကြိုးနဲ့ဆွဲခဲတော့ ကျားကြီးပါလာသတဲ့။ ကျားကြီးက မောင်ဖြူစင်ကိုကန်တော့ပြီး ဒီလိုပြောတာပေါ့။

"ကျေးဇူးရှင်ကြီး၊ ငါကဟောဟိုနားက ဂူမှာနေတဲ့ ကျားကြီးပါ။ ငါ့မှာ ရွှေလည်တုံကြီးတစ်ခုရှိပါတယ်၊ အဲဒီရွှေလည်တုံကြီးကို ကျေးဇူးရှင်ကြီးအတွက် ကန်တော့ပါရစေ "လို့ပြောသတဲ့၊ မောင်ဖြူစင်နောက်ဆုံးကယ်တာက လူတစ်ယောက်ပါ အဲဒီလူက ဘာကျေးဇူးစကားမှ မဆိုပါဘူး။

"ဟေ့လူ၊ ငါမပြန်တတ်ဘူး ငါ့ကို လမ်းပြပေးဦး"လို့ပဲပြောတာပေါ့၊ ဒီတော့ မောင်ဖြူစင်က

"စိတ်ချပါမိတ်ဆွေ၊ ငါလမ်းပြပေးပါမယ်၊ ငါနဲ့လိုက်ခဲ့ပါ"လို့ခေါ်သတဲ့၊ အဲဒီလူရဲ့နာမည်က မောင်မဲတူတဲ့ကွယ်။ မောင်မဲတူဟာ မောင်ဖြူစင်သွားရာနောက်ကို ပါလာတာပေါ့၊ မောင်ဖြူစင်ဟာ ကျားကြီးရဲ့ဂူကို အရင်ဆုံးလိုက်သွားသတဲ့၊ ကျားကြီးက သူ့ရဲ့ရွှေလည်တုံကြီးကို မောင်ဖြူစင်လက်ထဲ ပေးတာပေါ့။

"ကျေးဇူးရှင်ကြီး ဒီလည်တုံဟာ လူတစ်ယောက်ကို ငါကိုက်သတ်စားခဲ့စဉ်ကရခဲ့တဲ့ ရွှေလည်တုံကြီးပါ။ ဒီရွှေလည်တုံဟာ ငါ့အတွက်လည်းအသုံးမဝင်ပါဘူး ကျေးဇူးရှင်ကြီးယူပါ" လို့ ပြောသတဲ့၊ မောင်ဖြူစင်ရဲ့လက်ထဲက ရွှေလည်တုံကြီးကိုမြင်တဲ့ မောင်မဲတူဟာ လိုချင်လောဘထွက်လာတာပေါ့။ ဒါကို မောင်ဖြူစင်ကတော့ လုံးဝမသိပါဘူး။ မောင်ဖြူစင်တို့နှစ်ယောက် ကျားကြီးရဲ့ ဂူကနေ မျောက်ကြီးနေတဲ့ ညောင်ပင်ကို ထွက်ခဲ့တာပေါ့။ မျောက်ကြီးက ပျာပျာသလဲ ဆီးကြိုပြီး သစ်ပင်ပေါ်က ရွှေဘယက်ကြီးကိုယူလို့ မောင်ဖြူစင်ဆီပေးတာပေါ့။

"မိတ်ဆွေ၊ ဒီရွှေဘယက်ကြီးဟာ တောအုပ်ထဲမှာ မင်းသမီးတစ်ပါး အခြွေအရံတွေနဲ့အတူ ဝေယာဥ်နဲ့ကြွသွားစဉ် ငါဖြုတ်ယူ ထွက်ပြေးခဲ့တာပါ၊ မိတ်ဆွေယူပါ၊ ငါ့အတွက် ဒီရွှေဘယက်က ဘာမှအသုံးမဝင်ပါဘူး "

မောင်မဲတူဟာ လောဘထွက်လွန်းလို့ ဟန်တောင် မဆောင်နိုင်တော့ဘူး။ ဒါနဲ့ သူတို့နှစ်ယောက်ခရီးဆက်လာတော့ လမ်းမှာ မောင်ဖြူစင်ကို မောင်မဲတူကပြောသတဲ့။

"မိတ်ဆွေ၊ မိတ်ဆွေဟာ ငါ့ကို နွံထဲကကယ်ခဲ့သူပါ၊ မိတ်ဆွေရဲ့ပစ္စည်းတွေကို မင်းနေပြည်တော်မှာ လိုက်ပြီးထုခွဲပါ၊ မြို့ပေါ်မှာ ငါ့ရဲ့အိမ်ရှိပါတယ်။ မိတ်ဆွေနေဖို့၊ စားဖို့ဘာမှ မပူပါနဲ့ ငါတာဝန်ယူပါတယ်။

အဲဒီလို မောင်မဲတူရဲ့စကားကို မောင်ဖြူစင်က ယုံတာပေါ့၊ ဒါနဲ့ မောင်မဲတူခေါ်ရာနောက်ကို မောင်ဖြူစင်ဟာ လိုက်ပါသွားတာပေါ့ မင်းနေပြည်တော်ကိုရောက်တော့ မြို့အဝင်ဇရပ်မှာ ခဏနားကြသတဲ့ မောင်မဲတူကမောင်ဖြူစင်ကို . . .

"မိတ်ဆွေ၊ ဒီမှာခဏနေဦး၊ မိတ်ဆွေရဲ့ပစ္စည်းတွေကို ရောင်းချဖို့အတွက် စုံစမ်းဦးမယ် " လို့ ပြောတာပေါ့။ မောင်ဖြူစင်ကလည်း ယုံပြီးဇရပ်မှာ စောင့်နေသတဲ့။ မောင်မဲတူဟာ ရှင်ဘုရင်ကြီးရဲ့ နန်းတော်ကိုဝင်ပြီး လိမ်ညာလျှောက်တင်သတဲ့။

"အရှင်မင်းကြီး၊ မြို့အဝင်ဇရပ်မှာ ခိုးသားတစ်ယောက်ရောက်နေပါတယ်။ အဲဒီခိုးသား ထံမှာ သက်သေခံပစ္စည်းတွေလည်း ပါရှိနေပါတယ် "လို့ လျှောက်တာပေါ့။ ဒီတော့ ဘုရင်ကြီးက ရဲမက်တွေကို မြို့အဝင်ဇရပ်ဆီ သွားကြည့်ခိုင်းသတဲ့။ မောင်ဖြူစင်ကတော့ မသွားတတ်မလာတတ်နဲ့မို့ မင်းနေပြည်တော်ကို ခေါ်လာတဲ့ မောင်မဲတူပြန်အလာကို မျှော်နေတာပေါ့။ အဲဒီတုံး ရဲမက်တွေဟာ မောင်ဖြူစင်ရဲ့ ခန္ဓာကိုယ်ကို ရှာဖွေကြည့်တော့ ရွှေဘယက်ကြီးတစ်ခုနဲ့ ရွှေလည်တုံကြီးတစ်ခုကို တွေ့သွားတာပေါ့။ ဒါနဲ့ မောင်ဖြူစင်ကို ဘုရင်ကြီးဆီဖမ်းပြီးခေါ်လာတော့တာပေါ့။

ဘုရင်ကြီးဆီရောက်တော့ မောင်ဖြူစင်ဟာ နန်းရင်ပြင်မှာ မောင်မဲတူကိုတွေ့လို့ ဝမ်းသာသွားတာပေါ့။

"မိတ်ဆွေ၊ မိတ်ဆွေက ဒီရောက်နေတာကို။ ငါ့မှာ မသွားတတ်မလာတတ်နဲ့၊ ငါ့ကို ဒီရဲမက်တွေကဖမ်းခေါ်လာတာ။ ငါလူကောင်းဆိုတာ ပြောပြပေးပါဦး" လို့မောင်မဲတူကို အကူအညီတောင်းတာပေါ့။

မောင်မဲတူက ဘာစကားမှ ပြန်မပြောဘဲ မသိချင်ယောင်ဆောင်နေသတဲ့။ ဘုရင်ကြီးက မောင်ဖြူစင်ကို ဒီပစ္စည်းတွေ ဘယ်လို ရသလည်းလို့ မေးတာပေါ့။ မောင်ဖြူစင်က တောအုပ်ထဲက နွံအိုင်မှာ နစ်နေတဲ့ကျားကြီး၊ မျောက်ကြီး၊ မြွေကြီးနဲ့ လူတစ်ယောက်ကို ကယ်ခဲ့ကြောင်းနဲ့ အသက်ကယ်ပေးလို့ မျောက်ကြီးနဲ့ ကျားကြီးက ကျေးဇူးဆပ်ပြီးပေးလိုက်တာဖြစ်တဲ့အကြောင်း ပြောပြသတဲ့။ ဒီတော့ ဘုရင်ကြီးက ဒါဟာ မဖြစ်နိုင်ဘူး။ ယုံတမ်းစကားတွေ မပြောနဲ့လို့ တင်းတင်းမာမာပြောတာပေါ့။

မောင်ဖြူစင်က "နွံ့အိုင်ထဲမှာနစ်နေတယ်ဆို တဲ့လူဟာ နန်းရင်ပြင်က မောင်မဲတူပါ။ ဒီပစ္စည်း တွေပေးတာ မောင်မဲတူသက်သေရှိပါတယ်" လို့ ပြောသတဲ့။ ဘုရင်ကြီးက ဟုတ်သလား မဲတူလို့ မေးတော့ မောင်မဲတူက မဟုတ်ဘူးလို့ ငြင်းသတဲ့ ဒါနဲ့ ဘုရင်က...။

"ဒီခိုးသားကို ကြိမ်ဒဏ်တစ်ရာရိုက်၊ တောင် စွယ်နေကွယ်မှာသတ်။" လို့ အမိန့်ပေးလိုက်တာ ပေါ့ကွယ်။

ကလေးတို့ရေ...။

မောင်ဖြူစင်ကို အာဏာသားတွေက လက်ပြန် ကြိုးတုပ်ပြီး လမ်းပေါ်ဆွဲခေါ်။ ကြိမ်နဲ့ ရိုက်တော့ တာပေါ့။ မောင်ဖြူစင်ဟာ နာလွန်းလို့ အော်တာ ပေါ့။

"အား၊ အမလေး၊ နာလှချည်ရဲ့ မြွေကြီးရေ ငါဒုက္ခရောက်နေပြီ၊ ငါ့ကို သတ်တော့မယ်။ ငါ့ကို ကယ်ပါဦး" လို့ အော်တာပေါ့။ မောင်ဖြူစင်နာကျင် စွာအော်ဟစ်အကူအညီတောင်းတဲ့အသံကို ဘုရင့် ဥယျာဉ်တော်ထဲမှာနေတဲ့ မြွေကြီးက ကြားသွား သတဲ့။ မြွေကြီးဟာ သူ့ရဲ့ ကျေးဇူးရှင် မောင်ဖြူစင် တော့ ဒုက္ခရောက်နေပြီဆိုပြီး ဥယျာဉ်တော်ထဲက ထွက်လို့ ဘုရင့်နန်းတော်ဆီ ဦးတည်လာတာပေါ့၊ မြွေကြီးဟာ နန်းဆောင်ထဲကဘုရင့် သမီးတော် လေးကို ပေါက်ချလိုက်တာပေါ့၊ မြွေဆိပ်တက် ပြီး ဘုရင့်သမီးတော်လေးဟာ သတိလစ်မေ့မျော သွားသတဲ့။ နန်းတွင်းသမားတော်ကြီး တွေဘယ် လိုဘဲ ကြိုးစားပြီးကုကု ဘုရင့်သမီးတော်လေးက လုံးဝသတိမလည်လာဘူးပေါ့ သမားတော်ကြီး တွေက လက်လျှော့ပြီး နာရီပိုင်းအတွင်း ဘုရင့် သမီးတော်လေး သေရတော့မယ်လို့ ဘုရင်ကြီးကို လျှောက်တင်တာပေါ့ "

ကျေးဇူးရှင်ကိုကယ်တင်ချင်တဲ့ မြွေကြီးဟာ မောင်ဖြူစင်ရှိရာ သူသတ်ကုန်းကို သွားသတဲ့။ ပြီး တော့ အာဏာသားတွေ မသိအောင် မောင်ဖြူစင် ကို ပြောတာပေါ့။ "မိတ်ဆွေ၊ ငါဘုရင့်သမီးတော် လေးကိုပေါက်ချခဲ့ပြီ။ ဘုရင့်သမီးမြွေဆိပ်တက်နေ ပြီ။ အဲဒီမြွေဆိပ်ကို မိတ်ဆွေကလွဲပြီး ဘယ်သူမှ ကုလို့မရဘူး။ ဘုရင်ကြီးကို မြွေဆိပ်ကုပေးမယ်လို့ ပြောပါ "

ဘုရင်သမီးတော်လေးကို ကုတဲ့အခါ ဘေးမှ တင်းတိမ်ကာရံထားပြီး နှစ်ယောက်ထဲကုပါ။ ဒီဂါ ထာကို ရွတ်ပါ...။

"ကျား၊ မျောက်၊ လူ၊ မြွေငါကယ်ပေ၏ ကယ်ပင် ကယ်ငြားထိုလူသား ငါ့အားသစ္စာဖောက်လေ၏ လို့ရွတ်ပါ။ အဲဒီအခါ မြွေဆိပ်ပြယ်သွားလိမ့်မယ် "

လို့ မြွေကြီးက သင်ပေးပြီး ပြန်ထွက်သွားတာ ပေါ့။

ဘုရင်ကြီးဟာ သူ့ရဲ့အချစ်ဆုံးသမီးတော်လေး မြွေဆိပ်တက်နေတာကို သမားတော်ကြီးတွေက လက်လျှော့လိုက်တဲ့အခါ သမီးတော်လေး သေမှာ စိုးရိမ်ပြီး စိတ်သောက ရောက်နေတာပေါ့ကွယ်။ အဲဒီအချိန်မှာ မောင်ဖြူစင်က မြွေဆိပ်ကျအောင် ကုနိုင်ပါတယ်လို့ အာဏာသားတွေက တဆင့် ပြောလာတဲ့အခါ ဘုရင်ကြီးက ဝမ်းသာအားရ မောင်ဖြူစင်ကို ခေါ်ပြီးဆေးကုသစေသတဲ့။ မောင် ဖြူစင်က မြွေကြီးပြောထားတဲ့အတိုင်း ဘုရင်သမီး

တော်လေးကို ကုသပေးလိုက်တဲ့အခါ ဘုရင်သမီးတော်လေးဟာ မြွေဆိပ်ပြယ်ပြီးလူကောင်းပကတိ ဖြစ်သွားတာပေါ့။ ဘုရင်ကြီးက မောင်ဖြူစင်ကို ကျေးဇူးတွေတင်လွန်းလို့ လိုရာဆုကို ပြောပါလို့ ပြောတာပေါ့။

ဒီတော့ မောင်ဖြူစင်က ဘုရင့်သမီးတော်လေးကို ချစ်မြတ်နိုးမိလို့ လက်ထပ်ချင်ပါတယ်လို့ ရဲရဲတင်းတင်း ပြောလိုက်သတဲ့။ မောင်ဖြူစင်ရဲ့စကားကို ဘုရင်ကြီးက စဉ်းစားပြီးပြန်ပြောတာပေါ့။

"မောင်ဖြူစင်၊ သင်ဟာ ငါ့သမီးရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်လို့ သင်လိုချင်တဲ့ဆုကို ငါပေးချင်ပါတယ်။ ဒါပေမဲ့ သင်ဟာ သေဒဏ်ကျထားတဲ့ခိုးသားဓားပြဖြစ်လို့ ငါ့သမီးနဲ့ ပေးစားဖို့ ခတ်တယ်"လို့ပြောသတဲ့။ ဒီအချိန်မှာဘုရင်နန်းရင်ပြင်ကို မြွေကြီးဝင်လာတယ်။ မြွေကြီးကို မြင်တော့ အားလုံးကြောက်ရွံ့သွားကြတာပေါ့။ မြွေကြီးက...

"မကြောက်ပါနဲ့၊ ငါဟာ အမှန်တရားကို ပြောပြချင်လို့လာခဲ့တာပါ။ ဘယ်သူ့ကိုမှ အန္တရာယ်မပေးပါဘူ "

ဆိုပြီး နွံထဲက ကျား၊ မြွေ၊ မျောက်နဲ့ မောင်မဲတူတို့ကို မောင်ဖြူစင်ကယ်တင်ခဲ့ကြောင်း ကျားနဲ့ မျောက်က သူတို့မှာ ရှိတဲ့ ရွှေလည်တုံး၊ ရွှေဘယက်တွေနဲ့ ကျေးဇူးဆပ်ခဲ့ကြောင်း သူကတော့ ကျေးဇူးရှင်အသတ်ခံရခါနီးမှာ တမင်ဘုရင့်သမီးတော်လေးကို မြွေဆိပ်တက်စေပြီး မောင်ဖြူစင်တစ်ဦးတည်းသာ ဆေးကုသခွင့်ပေးခဲ့ကြောင်း မောင်ဖြူစင်မှာ အပြစ်မရှိဘဲ ယုတ်မာကောက်ကျစ်သူဟာ မောင်မဲတူ သာဖြစ်ကြောင်း ပြောပြတာပေါ့ကွယ်။

ဒီတော့ ဘုရင်ကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ မောင်မဲတူကို ဟုတ်သလားလို့ မေးတာပေါ့။ မောင်မဲတူဟာ မငြင်းဆန်ဝံ့တဲ့အတွက် ဟုတ်ပါတယ်လို့ ဝန်ခံလိုက်ရတာပေါ့ကွယ်။

ကလေးတို့ရေ...ဘုရင်ကြီးက မောင်မဲတူကို သေဒဏ်အဖြစ်ပေးဖို့ ဆုံးဖြတ်ပေမဲ့ မောင်ဖြူစင်က တောင်းပန်တဲ့အတွက် မသတ်တော့ဘဲ ကြိမ်ဒဏ် အပြစ်ပေးလို့ နယ်နှင်ဒဏ်ပေးလိုက်သတဲ့။ ရိုးသားဖြူစင်တဲ့ မောင်ဖြူစင်ကတော့ ဘုရင့်သမီးတော်လေးနဲ့ လက်ထပ်ပြီး အိမ်ရှေ့စံမင်းသားအဖြစ်နဲ့ ချမ်းသာပျော်ရွှင်စွာ နေသွားတာပေါ့ကွယ်။


ကလေးတို့လည်း ရိုးသားဖြူစင် မောင်ဖြူစင်ဆိုတဲ့ ပုံပြင်လေးထဲက မောင်ဖြူစင်လို စိတ်ထားဖြူစင်တဲ့သူ၊ ကိုယ်ကျင့်သီလ ရိုးသားဖြောင့်မတ်တဲ့သူ၊ အများကို ကူညီတတ်တဲ့လူ ဖြစ်အောင်နေကြရမယ်နော်။

သန္တာမြတ်သောင်း


# လှတောသား စကားကြွယ်

ကာတွန်း ဒစ်ချစ်တယ် 2014

ဝက်လက်မြို့နယ်ထဲမှာပါတဲ့ လှတောရွာကြီးဟာကြီးကျယ် စည်ကားတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းတယ်။ အဲဒါကြောင့် လှတောသားတွေဟာ မဟာသုတအရာမှာ စုံလင်လှသောကြောင့် စကားကြွယ်ဝကြပါတယ်။




# ကြောင်ကုတ်သည့် ဓါတ်ပုံ


ဂျုတောသား ကိုကောင်းရဲ့အိမ်ကို ဧည့်သည် တစ်ယောက် ရောက်လာတယ်။
ဟာ အောင်သန်း
မတွေ့တာ ကြာပြီနော်၊ ဟာ့ အိမ်ထဲ ဝင်လေ
တွေ့ရ တာ ဝမ်းသာ သမျှ
ထမင်းစားချိန်ဖြစ်နေလို့ ဧည့်သည်ကိုတောအရပ်ဒေသထုံးစံအတိုင်း ဧည့်ဝတ်ကျေပွန်စွာ ထမင်းကျွေးပါတယ်။
အိမ်ရှင်မ မရှိတော့ ဟင်းက မလှ ဘူး
ရပါတယ်ကွာ
သား အဖ နှစ်ယောက် တည်း....
.. ယောကျ်ားတွေချည်းဖြစ်နေလို့ ကွာ ..

ဟင်းပွဲမလှရတဲ့အကြောင်းက သူ့သားမောင်ညှက်ကို ကြက်
ရှာခိုင်းတာ ကြက် ရမလာလို့ပါပဲ ။





အဲဒါကြောင့်
ဧည့်သည်ပြန်သွားတော့မှ ကိုကောင်းက သားဖြစ်သူ
မောင်ညှက်ကို မြည်တွန်တောက်တီးတော့တာပဲ ။



# ကောသလမင်းမိုက်

ကိုကောင်းက လှတောသားပိုပိုပြောင်ပြောင်မြောက်မြောက်ပြောတော့ ဆောင်ညွှာကြက လှတောသားစကားနဲ့ပြန်ပြီးနှစ်သိမ့်သတဲ့။




# ကံ ရှ သို့မဟုတ် မင်းကလေး

မြန်မာ့အသံမှာ ရာဇဝင်ဇာတ်လမ်းများအသံလွှင့်စဉ်က သီပေါမင်း အဖြစ်ကက်နက်စိန်နဲ့ မိဖုရား စုဖုရားလတ်အဖြစ်သင်းသင်းမြတ်တို့ အသံဖြင့်သရုပ်ဆောင်ခဲ့ကြတယ်။



အဲဒီဇာတ်လမ်းကို ကက်ဆက်ဇာတ်လမ်းသွင်းလိုက်တဲ့အခါကျတော့ မကြားချင်အဆုံး ထပ်ကာ တလဲလဲကြားကြရတယ်။




လူခြေတိတ်ချိန်မှာလည်း ကြားကြရတယ်။
စုရေ စုရဲ့
စုရေ စုရဲ့
စုရေ စုရဲ့
စုရေ စုရဲ့
တစ်ညမှာ အဲဒီအောက်လမ်းကို လှတောသား မောင်တင်ယုက ကြားလိုက်ရတယ်
စုရေ စုရဲ့
သီပေါမင်းနဲ့ စုဖုရားလတ်ရဲ့ ဇာတ်ထုပ်ပဲ
ဟာလိုလေး၊ သီပေါမင်းရဲ့ အာဏာဟာ ရွာအောက်ကျရ လောက်တောင်မှ အာဏာမရှိ ပါကလားလို့ သိရတော့တယ်
သီပေါမင်းလည်း လှတောသားရဲ့ စကားအရမှာ ခံရတော့ပဲ။

# ကြက်ရိုး၏ကျန်းမာရေး



လှတောသားကိုရွှေရိုးနဲ့အခြားရွာသားမိတ်ဆွေ ကျော်ကိုကိုတို့ ဆုံမိကြတယ်။
ကိုရွှေ ရိုး
ဟင်၊ ကျော်ကိုကို
နေကောင်း ရဲ့လားဗျ
ကောင်းပါ့ဗျား မတွေ့ကြတာ အတော်ကြာပြီပဲ
ကိုရွှေရိုးဟာ ရောဂါတစ်ခု တစ်ရာ ခံစားနေရတဲ့လူလို ပိန်ချုံးနေတယ်။
သူ့မိတ်ဆွေက အကြံပေးတယ်။
ပိန်လှချေလားဗျ ကြက်ဥကလေးဘာလေး စားပေးဦးမျာ၊ ဝ,လည်းဝ၊ အားလည်းရှိ




အကြံပေးမိသည့်ကျော်ကိုကိုမှာ စိတ်ကသိကအောက်ဖြစ်သွား၏။


ကြောက်ခမန်းလင်မယား
လယ်သမားလှတောသား ကိုပြုံးချိုဟာ မြို့မှ သွပ်ပြားတွေ ဝယ်ပြီး အိမ်ကို လှည်းနဲ့ ပြန်လာတယ်။
အိမ်က မိန်းမ မော်မီ ကြိုင်တော့ မျှော်လှရောပေါ့!
သွပ်တွေကို ဝယ်သာဝယ်လာခဲ့ ရတယ်၊ သိပ်တော့ သဘော မကျဘူး
သွပ်တွေက ပါးလှပ်လွန်း နေတယ်


အိမ်ကိုရောက်တော့ သွပ်တွေကို လှည်းပေါ်က ချတယ်။
သေချာကိုင်ကြဟေ့၊ လက်ကို ရှဦးမယ်
မိန်းမရေ မင်း ထာဝီ ချုပ် ဝတ်ဖို့ သွတ်ပြား တွေ
အလိုလေး မဝတ်ရဲပေါင် တော်




တွေ့တယ်မဟုတ်လား၊ လှတော ရွာသူတွေလည်းမခေဘူးဗျ။




ကလေးတို့ရေ ဟိုတစ်ခါကပေါ့ကွယ်။

မြစ်ဝကျွန်းပေါ်ဒေသဖြစ်တဲ့ အောက်ကျွန်းရွာမှာ ကိုင်းလုပ်ငန်းတွေ ဝင်ငွေကောင်းကြလို့ မြို့က နတ်ပွဲတွေကို ငှားပြီး အပြိုင်အဆိုင်ကျင်းပလိုက်ကြတာဆိုင်းသံတွေတခြိမ့်ခြိမ့်ပါပဲ။ရွာကအမျိုးသမီးတွေလည်း နတ်ဝင်ပူးပြီးကတာ အတော်ဝါသနာပါပုံရကြတယ်။ နတ်ပွဲမှာ နတ်ကတော်တွေနဲ့ အတူ ဝင်ပါနေကြတာ အသဲအမဲပါပဲ။ တချို့ဆိုရင် ကနေရင်းက အသိလက်လွတ် သွားကြလို့ ဝတ်ထားတဲ့ ထဘီကို ခါးကနေ ကြိုးစည်းပေးထားကြရတယ်။

အဲ့ဒီနတ်ပွဲတွေကို ဝင်ကတဲ့အထဲမှာ ရွာထဲက ဘကြီးဖိုးမှတ်ရဲ့ ဇနီးဒေါ်အေးသင်လည်းပါတယ်။ ဘကြီးဖိုးမှတ်က သူ့ဇနီး နတ်ပွဲမှာ ဝင် ကတာကို မကြိုက်ဘူး။ နတ်ပွဲကနေတဲ့ရက်ထဲမှာဘကြီးဖိုးမှတ်က

"အေးသင်ရယ် ကိုယ့်အသက်အရွယ်နဲ့ ငယ်

တော့တာမဟုတ်ဘူး။ ရွာထဲက နတ်ပွဲတွေမှာ နင်ဝင်ကနေတာ၊ နင်မရှက်ပေမဲ့ ငါရှက်တယ်။ ကြည့်ကပါဟယ်။ တို့ရွာမှာ ဟိုတုန်းက ဖောင်ရိုးတုတ်မြင်းလုပ်စီးတဲ့ ဒေါ်ငွေမှုံလိုဖြစ်နေပါဦးမယ်"

ဘကြီးဖိုးမှတ်က ပြောလိုက်တော့ ဒေါ်အေးသင်က မလုံမလဲနဲ့ပြုံးစိစိလုပ်နေတယ်။ ဖောင်ရိုးတုတ် မြင်းလုပ်စီးတဲ့ ဒေါ်ငွေမှုံအကြောင်းကို ဒေါ်အေးသင်က ကြားသိပြီးထားပုံရပါတယ်။ ဘကြီးဖိုးမှတ်အိမ်မှာ လူငှားလာလုပ်နေတဲ့ မောင်ညိုလုဆိုတဲ့ လူငယ်ကတော့ ဘကြီးဖိုးမှတ်ပြောတာကို အတော်စိတ်ဝင်စားသွားတယ်။ ဒေါ်ငွေမှုံအကြောင်းကိုသိချင်လို့ပြောပြပါဆိုပြီးဘကြီးဖိုးမှတ်ကိုတောင်းဆို လိုက်တော့ ဘကြီးဖိုးမှတ်က ပြောပြပါတော့တယ်။

ဟိုတစ်ချိန်တုန်းက အောက်ကျွန်းရွာမှာ ဒေါ်ငွေမှုံဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိခဲ့ဖူးတယ်။ အပျိုကြီးဘဝနဲ့နေလာခဲ့ပြီး အသက်အရွယ်ထောက်လာချိန်မှာတော့ အိမ်မှာအတူနေကြတဲ့ အိမ်ထောင်သည် တူ၊ တူမတွေရဲ့ ကျွေးမွေးစောင့်ရှောက်မှုကို မှီခိုပြီး နေရရှာပါတယ်။

တစ်ခုတော့ရှိတယ်။ ဒေါ်ငွေမှုံက အသက်အရွယ်ကြီးလာပေမယ့် သူ့ဝါသနာစွဲ အလုပ်ကိုတော့ မစွန့်လွှတ်ဘူး။ နတ်ကိုစွဲနဲ့ပတ်သက်ပြီး ပျော်ပွဲဆက်ပေးတာတို့ မိရိုးဖလာနတ်တွေကို ပသ တင်မြှောက်တာတို့ကို ကူညီ ဆောင်ရွက်လေ့ရှိတယ်။ စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေးစတဲ့ မေးလိုသူရှိလျှင်လည်း ဒေါ်ငွေမှုံက နတ်ဝင်ပူးပြီး ဟောပြော ပေးလေ့ရှိတယ်။

ရွာထဲမှာ ဒေါ်ငွေမှုံကို ယုံကြည်လေးစားတဲ့သူတွေရှိသလို ရွာက ကာလသားခေါင်းဆောင် ငတိမ်တောင်နဲ့ အပေါင်းအသင်းတွေကတော့ ဒေါ်ငွေမှုံကိုမယုံကြည်မလေးစားကြပါဘူး။

"အလားကားပါကွာ နတ်ကတော်ဆိုပြီး အယောင်ဆောင်နေတာပါ" လို့ ဒေါ်ငွေမှုံရဲ့ နောက်ကွယ်မှာ ပျက်ရယ်ပြောဆိုတတ်ကြပါတယ်။ ဒေါ်ငွေမှုံကတော့ မသိရှာပါဘူး။

တစ်နေ့သော ညနေပိုင်းချိန်မှာ ဖြစ်ပါတယ်။

ရွာအထက်ပိုင်းမှာနေတဲ့ဦးပန်းဦးက သူ့တူဖြစ်တဲ့ ငတိမ်တောင်ကို ကုက္ကိုပင် အကိုင်းတွေ တက်ခုတ်ခိုင်းတယ်။ ကုက္ကိုပင်က ရွာဦးထိပ်မှာရှိတဲ့ သူ့ရဲ့ ပိုင်ဆိုင်တဲ့ အပင်ပါ။ တက်ခုတ်တဲ့အကြောင်းကတော့ ခုတ်ချပစ်တဲ့အပင်ကိုင်းတွေကို ထင်းအဖြစ်သုံးမယ်။ အရွက်တွေကိုလည်း သူ့ရဲ့ကွမ်းခြံထဲမှာ သစ်ရွက်ဆွေးမြေဩဇာအဖြစ် အသုံးပြုမယ်ပေါ့။ ငတိမ်တောင်က သူ့ ဦးကြီးဦးပန်းဦးပြောတဲ့ အတိုင်းကုက္ကိုပင်ပေါ်တက်ပြီးဓားတစ်ချောင်းနဲ့အပင်က ကိုင်းတွေကို တက်ခုတ်လိုက်တာ တစ်ပင်လုံးပြောင်ရှင်းပြီး ပင်လုံးတီးပဲကျန်တော့တယ်။ ငတိမ်တောင်က ခုတ်ပြီးတာနဲ့ အပင်အောက်ကိုပြန်ဆင်းလာတော့ အပင်အောက်မှာ ထဘီတိုတိုနဲ့ ခါးထောက်ပြီး သူ့ကိုစိုက်ကြည့်နေတဲ့ ဒေါ်ငွေမှုံကို တွေ့လိုက်ရတယ်။

"ကြည့်စမ်း နင့်လုပ်ပုံကောင်းသေးရဲ့လား။ နင်တို့က ရွာဦးရွာဖျားထိပ်မှာ ငါ့ကိုနတ်ကွန်းကျောင်းဆောင်နဲ့ မထားကြတဲ့အပြင် ငါနေတဲ့ကုက္ကိုပင်ကိုခုတ်ချပစ်တာ ငါနေဖို့ ကိုင်းလေးတောင် တစ်ကိုင်းမှာ မချန်ထားခဲ့ဘူး"

ဒေါ်ငွေမှုံထံက မကျေမနပ်နဲ့ ပြောတာကို ကြားရတော့ ငတိမ်တောင်က

"ခင်ဗျားက ဘာပုဂ္ဂိုလ်လဲ"

"ဟဲ့ ငါက နင်တို့တစ်ရွာလုံးကို စောင့်ရှောက်

နေတဲ့ ရွာတော်ရှင်လေ၊ နင်တို့မသိဘူးလား”

“ကျုပ် ခင်ဗျားနေဖို့ ကိုင်းထားခဲ့ပါတယ်”

“ဘယ်မှာလဲ”

“ဟိုမှာလေ . . . ဟိုမှာ”

ငတိမ်တောင်ရယ်ရွှန်းဖတ်ရွှန်းနဲ့လက်ညှိုးထိုးပြလိုက်တာက ကုက္ကိုင်ပင်ပေါ်မှာ တစ်ထွာလောက်သာရှိတဲ့ ရွက်နကိုင်းလေးကို ထိုးပြလိုက်တာဖြစ်လို့ ဒေါ်ငွေမှုံလည်း သူ့ကိုမလေးမစားနဲ့ ပြောရပ့်မလားဆိုပြီး ဒေါသထွက်သွားတယ်။

“အေး ငါ့ကို မရိုမသေ မလေးမစားတဲ့ သူတွေ နင်တို့ တစ်ရွာလုံးကို စိစိညက်ညက်ကြေအောင် မြင်းခွာနဲ့ ပေါက်ပစ်မယ်၊ လာစမ်း စီးတော်မြင်း”

ဒေါ်ငွေမှုံကပြောပြောဆိုဆိုနဲ့သူ့အနားကဖောင်ရိုးတုတ်တစ်ချောင်းကို ကောက်ယူခွစီးကာ “ဟဲ့ ” ဆိုပြီး ကဆုန်ပေါက်ပြေး ထွက်ပါလေရော။

ဒေါ်ငွေမှုံက ရွာအထက်ပိုင်း ထိပ်ကနေ ရွာအနောက်ပိုင်း လှည်းလမ်းဘက်ကို ပြေးထွက်သွားပြီး ရွာနောက်ဘက်လှည်းလမ်းတလျှောက်လုံးဖုန်မှုန့်တွေ တထောင်းထောင်းထသွားပြီး ရွာအောက်ပိုင်း အဆုံးလည်းရောက်ရော ရွာရှေ့ဘက်ကို ပြန်ကွေ့ကာ ရွာကမ်းနားလမ်းအတိုင်း ပတ်ပြေးပြန်ပါတော့တယ်။ ပါးစပ်ကလည်း “ တ ဟဲ့ ဟဲ့ ” နဲ့ ဖောင်ရိုးတုတ်ကိုမြင်းအမှတ်နဲ့ စီးရင်းမောင်းရင်းမောကြီးပန်းကြီးနဲ့ ပြေးလာတဲ့ ဒေါ်ငွေမှုံကို ရုတ်တရက်မြင်တွေ့လိုက်ကြရလို့ ရွာထဲကလူတွေက နားမလည်နိုင်ဘဲ ကြောင်တောင်တောင် ဖြစ်နေကြတယ်။ တချို့ကလည်း အကဲခတ်ပြီး ရိပ်စားမိလိုက်ကြလို့ မောကြီး ပန်းကြီးနဲ့ ပြေးလာတဲ့ ဒေါ်ငွေမှုံကို

“ကိုယ်တော်ကြီး မောပန်းလှပါတယ်။ စီးတော်မြင်းရပ်ပြီး ခေတ္တဝင်ရပ်နားတော်မူပါ။ ရေကြည်တော်လေး ဆက်သပါရစေ”

ဒေါ်ငွေမှုံကိုလှမ်းတားပြီးပြောပေမယ့်မရပ်နားဘူး။ ပြောတဲ့လူကို မျက်လုံးတစ်ချက်သာစွေကြည့်ပြီး ဆက်ပြေးပါတော့တယ်။ ဒေါ်ငွေမှုံလည်း ရွာအောက်ပိုင်းကမ်းနားလမ်းကပတ်ပြီးပြေးလိုက်တာ ရွာအထက်ပိုင်း သူ့အိမ်ရှေ့လည်းရောက်ရော ခြေကုန်လက်ပန်းကျပြီး အရုပ်ကြိုးပြတ်ဆိုသလို မေ့ လဲကျသွားပါတော့တယ်။ သူလဲကျသွားတဲ့ အချိန်မှာသူ့ရဲ့တူ၊တူမတွေကလာရောက်ပွေ့ချီကြပြီး အိမ်ပေါ်ကိုတင်ကြတယ်။ တော်ပါသေးရဲ့ တူ၊ တူမတွေ အပြုအစုကောင်းကြလို့ သတိပြန်ရသွားတယ်။

သို့သော်လည်း ဇရာပိုင်းရောက်နေတဲ့ ဒေါ်ငွေမှုံမှာ အဲဒီနေ့ကစပြီး မကျန်းမမာနဲ့ နာလန်မထူနိုင်ရှာတော့ပါဘူး။ အိပ်ရာထဲမှာပဲ လုံးပါးပါးပြီး တစ်လလောက်အကြာမှာ ဆုံးပါး သွားပါတော့တယ်။

ဘကြီးဖိုးမှတ်က သူပြောပြတဲ့ အကြောင်းအရာလေးပြီးဆုံးသွားတာနဲ့ မောင်ညိုလှကို . . .

“အဲ့ဒါပါပဲကွာ . . . ငါ့မိန်းမ အေးသင်ကိုလဲ ဒေါ်ငွေမှုံလိုဖြစ်မှာစိုးလို့ ပြောနေရတာပါ”

“ ဟား ဟား ဟား ”

ဘကြီးဖိုးမှတ်ပြောလိုက်တဲ့ စကားကြောင့် မောင်ညိုလှလည်း သဘောခွေ့ ပြီး အားရပါးရ ရယ်ပါတော့တယ်။

ကလေးတို့ရေ . . .

အထက်ပါအကြောင်းအရာလေးကတော့ အချိန်ကုန်လူပန်းပြီး အကျိုးမရှိတဲ့၊ မစွဲလန်းသင့်တဲ့ ကိစ္စတွေကို အစွဲအလန်းမထားကြဖို့ ပါပဲကွယ်။

ပန်းတနော် ကျော့မိုး

# ရာသီကူးပြောင်း ဝမ်းပျက်ဝမ်းလျှော ရောဂါအလစ်ချောင်း

ဖိုးဖိုး (ဆေးဝါးတက္ကသိုလ်)




မလဲ့မှုံသာ တစ်ယောက်ရုံးပိတ်ရက်မှာ အစ်မဖြစ်သူအိမ်သို့ အလည်အပတ်ထွက်လာတယ်။ ရောက်ရောက်ချင်းတူတော်မောင် လင်းဘုန်းဟန်ရဲ့ အော်ဟစ်ငိုယိုသံက အဆင်သင့် ကြိုဆိုညှော့ခံနေလျှက်သား။

"ဟီး အီးဟီးဟီး . . . "

"လူကြီးတွေ မမြင်ကွယ်ရာမှာ မသန့်ရှင်းတဲ့ အစားအစာတွေကို နောက်တခါဝယ်စားချင်သေးလား လင်းဘုန်းဟန်။ ဈေးသည် လက်သည်းကလည်း ဂျီးအထပ်ထပ်ဝင်နေတာ ဘယ်လိုမှကိုကျန်းမာရေးနဲ့ မညီညွတ်ဘူး။ ပြောစကားနားထောင်မှပေါ့သားငယ်ရယ်။"

" အဟင့်ဟင့်...ဟင်း...ဒေါ်လေး...သားသားတို့အိမ်ကို လာလည်တာလားဟင် "

အားကိုးတကြီးနဲ့ ဒေါ်လေးလဲ့မှုံသာကို စစ်ကူခေါ်တယ်။

"သားသားတို့အတွက် ဒေါ်လေး မုန့်ဝယ်လာတယ် "

"ကျေးဇူးတင်ပါတယ် ဒေါ်လေး "

"မမရေ ယင်ကောင်အုံနေတဲ့ အစားအစာတွေ

ကို လင်းဘုန်းဟန်လေးက ဘယ်တော့မှ နောက် ထပ်စားတော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ လူကြီးမိဘ ပြောဆို ဆုံးမစကားကို တူ လေးက နားထောင်တယ်လေ။ ဒေါ်လေးပြောတာ ဟုတ်တယ်နော် သားသား ”

“မေမေ သားသားကို စိတ်မဆိုးပါနဲ့နော်။ နောက်ကို ဒီလိုမျိုးမလုပ်တော့ပါဘူး ”

“သားသား ဝမ်းလျှောရောဂါ ဖြစ်မှာစိုးရိမ်လို့ ပါကွယ် ”

ထိုအခိုက် စာကြည့်ခန်းထဲမှ လင်းပိုးသီဟန် တစ်ယောက် ထွက်လာကာ ဧည့်ခန်းထဲဝင် လာ တယ်။

“မမ လင်းပိုးရေ ဒီကို မြန်မြန်လာပါဗျ။သား သားတို့ နှစ်ယောက်အတွက် မုန့်တွေရော၊ ပုံပြင် စာအုပ်တွေရော အများကြီးပဲ ဒေါ်လေးဝယ် လာ ပေးတာ ”

မျက်ရည်သုတ်ရင်း သူ့အစ်မ လင်းပိုးသီဟန် ကို သတင်းလှမ်းပေးတယ်။

“ညီမလေး မှုံမှုံရေ...ငါ့ကလေးနှစ်ယောက်ကို ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းရှင်းပြပေးပါ ဦးဟယ် ”

“ဟုတ်ကဲ့ ပြောပြပါ့မယ်ရှင်။ ကဲသားသား၊ မီးမီးတို့ ထိုင်ပါကွယ် ”

လေးယောက်သား ထိုင်ခုံတွင် ဝင်ထိုင်ကြ တယ်။

“မီးမီး လင်းပိုး ကျောင်းပိတ်ရက်မှာ ဘာတွေ အလုပ်များနေတာလည်း ”

“ဗဟုသုတရမယ့်စာအုပ်တွေ ဖတ်နေတာပေါ့ စာစီစာကုံးရေးရင် အထောက်အကူ ရအောင် လို့ပါ ”

“စာအုပ်ဖတ်တာ အလေ့အကျင့်ကောင်းတစ် ခုပါကွယ်။ မီးမီးကို မေးကြည့်မယ် ဝမ်းပျက်ဝမ်း လျှောရောဂါဖြစ်တာ ဘာကြောင့်လည်း ”

“အစားအစာနဲ့ သောက်ရေ မသန့်ရှင်းလို့ဖြစ် တာပါ ဒေါ်လေး ”

“မသန့်ရှင်းတဲ့ အစားအစာတွေက ဝမ်းရောဂါ ကို ဖြစ်စေတယ်။ ဘက်တီးရီးယားပိုး၊ ဗိုင်းရပ်(စ်) ပိုး၊ ကပ်ပါးပိုးမွှားတွေ အများကြီးပါဝင်နေတယ် ”

“ဝမ်းကိုက်ရောဂါနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ ဘယ်လိုကွာခြားမှုရှိသလည်း မှုံမှုံ...”

“ဝမ်းကိုက်ရောဂါမှာ အဓိကအချက်က ဝမ်း သွားခိုက် အကျိအချွဲ၊ သွေးစသွေးနလေးတွေ ပါ လာတတ်တယ်။မခံမရပ်နိုင်အောင် ဗိုက်ရစ်ရစ် နာ တတ်တယ်။ တစ်ခါတစ်ရံ ဝမ်းသွားချင်ပေမဲ့ ဝမ်း သွားလို့ မရတာမျိုးလည်း ရှိနိုင်တယ်။ ဝမ်းလျှော ရောဂါက ဝမ်းသွားအကြိမ်ရေ များလာလေလေ အ ရည်ပိုကျဲလေဖြစ်တယ်။ ခန္ဓာကိုယ်ထဲကနေ ရေ ဓါတ်၊ ဓါတ်ဆားဓါတ်တွေ လျော့ပါးဆုံးရှုံးသွား တာ ကြောင့် နုံးချိပျော့ခွေလာတယ်။နှလုံးခုန်နှုန်း မြန် လာမယ်။ အရည်ဓါတ် ခမ်းခြောက်သွားခြင်းကနေ ကာကွယ်နိုင်ဖို့ ဓါတ်ဆားရည်ကို သောက်သင့် တယ်”

“ဒီလို အခြေအနေတွေဖြစ်လာရင် အသက် အန္တရာယ်အတွက် စိုးရိမ်ရလား...ဒေါ်လေး”

“ရောဂါပြင်းထန်လာရင် စိုးရိမ်ရတယ်။ ဆရာ ဝန်ထံ သွားရောက်ပြသရမယ်။ သုံး၊ လေးကြိမ် လောက်ဝမ်းလျှောနေပြီဆိုကတည်းက ဓါတ်ဆား ရည် သောက်ထားသင့်တယ်။ ဓါတ်ဆားထုပ် မ

ဖောက်သေးခင် အညွှန်းစာကို ဖတ်ပြီး လိုက်နာဆောင်ရွက်ရမယ်။ ဓါတ်ဆားထုပ် အများစုကို ရေတစ်လီတာနဲ့ ရောဖျော်ရတာများတယ်။ ဓါတ်ဆားရည်ကို စဖျော်ထားချိန်ကနေ(၂၄)နာရီ (၁) ရက်အတွင်းကုန်အောင်သောက်သင့်တယ်။(၂၄) နာရီကျော်လွန်သွားတဲ့အထိ ဓါတ်ဆားရည် လက်ကျန်ရှိနေသေးရင် သွန်ပစ်ရမယ်။ လိုအပ်လို့ထပ်သောက်ရမယ်ဆိုရင်အသစ်ဖျော်သောက်ရမယ် ”

“ရေတစ်လီတာဆိုတာပမာဏဘယ်လောက်ရှိလည်း ဒေါ်လေး ”

“သောက်ရေသန့်တစ်လီတာဗူးတစ်ပုလင်းစာရှိတယ်။ ဓါတ်ဆားမှုန့်ကို ရေနွေးနဲ့ လုံးဝဖျော်မသောက်ရဘူး။ သန့်ရှင်းတဲ့သောက်ရေသန့်၊ ရေကျက်အေး(ရေကိုဆူပွက်အောင် ကျိုချက်အအေးခံပြီး ရေစစ်နှင့်စစ်သောက်ရန်) စတာတွေကို အသုံးပြုနိုင်တယ် ”

“ဒေါ်လေး...ဝမ်းပျက်ဝမ်းလျှောနေရင် အစားစားလို့ရလားဟင် ”

“နူးညံ့ပျော့ပြောင်းတဲ့ အစားအစာတွေကို ဦးစားပေးစားသုံးသင့်တယ်။ကြက်စွပ်ပြုပ်ရည်၊အုန်း(စိမ်း)ရည်ကို လည်းသောက်သုံးနိုင်တယ် ”

“ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မခံစားရအောင် ဘယ်လိုတားဆီးကာကွယ် ထားရမလည်း။ မှုံမှုံ ”

“ဝမ်းရောဂါပိုးရှိသူရဲ့မစင်(ဝမ်း)ကနေတဆင့် အဓိကကူးစက်ပျံ့ပွားတယ်။ မစင်ကို စည်းကမ်းတကျစွန့်ပစ်တတ်ဖို့ လိုတယ်။ ဒါကြောင့် ယင်လုံအိမ်သာကို တည်ဆောက်သုံးစွဲရမယ်။ လူနာကို ပြုစုကိုင်တွယ်ပြီး၊ အိမ်သာကို အသုံးပြုပြီးတိုင်း၊ အညစ်အကြေးများကို ကိုင်တွယ်ပြီးတိုင်း၊ အစာမစားခင်နဲ့ အစာစားပြီးတိုင်း လက်ကို ဆပ်ပြာနဲ့ ပွတ်တိုက်ဆေးကြောရမယ်။ ဒါ့အပြင် အစားအစာများကို သေချာကျက်သွားအောင် ဂရုတစိုက် ချက်ပြုပ်ရမယ်။ အိုး၊ ခွက်၊ ပန်းကန်များကို ဆပ်ပြာနဲ့ စင်ကြယ်စွာဆေးကြောရမယ်။ အစားအစာများကို ယင်ကောင်မနားနိုင်အောင် ကျကျနနဖုံး အုပ်ထားရမယ်။ တကိုယ်ရေ သန့်ရှင်းရေးကို အလေးထားရမယ် ”

“ ရေတွင်း၊ ရေကန်၊ မြစ်ချောင်းကမ်းနားဘေးမှာ မစင်၊ အညစ်အကြေး စွန့်ပစ်ခြင်းမှ ရှောင်ကြည်ရမယ်လို့ စာထဲမှာဖတ်ရတယ်။ ဒါကြောင့် တားမြစ်ထားတာကို ” လင်းပိုးသီဟန်ကစာပေသမားကြီးဟန်ဖြင့် ဝင်ပြောတယ်။


“ယင်ကောင်တွေက အညစ်အကြေးတွေ အပေါ်နားတယ်။ အစားအစာတွေပေါ်ယင်ကောင်နားပြန်တော့။ အစားအစာထဲကို ရောဂါပိုးမွှားတွေ ရောက်လာတယ်။ ရောဂါကာကွယ်ရမယ့် နည်းလမ်းတွေကို သိကြပြီလား ”

“ဟုတ်ကဲ့ပါ...သားသား။ မီးမီးတို့ ဒေါ်လေး စကားကို မြဲမြဲမှတ်သားထားပါ့မယ် ”

မလဲ့မှုံသာတို့ညီအစ်မနှစ်ယောက်တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိတယ်။ ရင်ထဲမှာလည်း အချိုမြိန်ဆုံး ပီတိသုခများ ဖြစ်ပေါ်လာတယ်။

ဖီဖီ(ဆေးဝါးတက္ကသိုလ်)


CARTOONS
ပေါ်ကာ
ဘိုးလှမြိုင်
သူရဲကောင်း
ရှေးတုန်းကတိုင်းပြည်
တစ်ပြည်မှာစိတ်သဘောထား
ကောင်းမွန်တဲ့ဘုရင်ကြီးတစ်ပါး
အုပ်ချုပ်နေသတဲ့...


ဟိုဒီပိုင်မြေပြန့်နဲ့မိုးစပ်လေး
တောအုပ်ကြီးတစ်ခုရဲ့
ရေကိုင်းမှာရှာကျက်ကြမ်းကြုတ်တဲ့
ဘီလူးကြီးတစ်ကောင်ရှိတယ်။


တစ်ည ဘီလူးကြီးဟာ
နန်းတော်ထဲရောက်လာပြီး
လူတွေကို ဖမ်းဆီးသွား
ခဲ့တယ်...
ကယ်ကြပါ ရှင့်
ဘုရင်ကြီးရဲ့စစ်သည်တော်တွေ
ဘီလူးကြီးကို
ဖမ်းဖို့ မတတ်နိုင်ကြဘူးတဲ့..
ပြန်ပြေး မြန်မြန်


ဒါနဲ့ နောက်ဆုံး တိုင်းပြည်မှာရှိတဲ့ ယောကျ်ားတွေထဲက
ဘီလူးကြီးကို သတ်နိုင်တဲ့ လူစွမ်းကောင်းကို
ဘုရင့် သမီးတော်နဲ့ ပေးစားပြီး အိမ်ရှေ့မင်းသား အရာ မြှောက်စား မယ်လို့ ကြေငြာ လိုက်တယ်...


အဲဒီမြို့စားနိုင်းကရွာတစ်ရွာမှာ ဖိုးသ ဆိုတဲ့ လူလင်ပျိုဟာ ဂုဏ်ရည်ကျော်စောခဲ့ပြီး ရဲရင့်သန်မာထွားကျိုင်းတဲ့ သူရဲကောင်းတစ်ယောက်လို့ ကျော်ကြားတယ်...
ဂုဏ်ပြင်း သတ္တိနဲ့ ပြည့်စုံတဲ့ သူရဲကောင်း ဖိုးသ က ဘိလူးကြီးကို နှိမ်နင်းပေးမယ်လို့ ပြောလိုက်တယ်..




ခဏချင်းမှာပဲ ဘီလူးကြီးဟာ
ကြီးမားခိုင်ခံ့တဲ့
သံတံခါးမကြီးကို
သူ့ရဲ့သန်မာတဲ့
လက်တွေနဲ့ဆွဲဖြုတ်
ပွင့်ပစ်ပြီး
ရောက်လာတော့တယ်။
ဘီလူးကြီးဟာ
သူတစ်ယောက်ကို
ဖမ်းဆီးလိုက်တဲ့အချိန်
မအိပ်ဘဲစောင့်နေတဲ့ သောက
ဒိုင်ကြီး ဘီလူးကြီးရဲ့
လက်ကိုဆွဲဆုပ်ကိုင်လိုက်
တယ်...



သန်မာတဲ့
ဘီလူးကြီးက
ဂိုသမ္ဗခွန်အားနဲ့
ရုန်းပေမယ့်
ဂေါဇဝရဲ့လက်က
မလွတ်နိုင်အောင်
နာညှစ်ခံထားရတယ်။
သူတို့နှစ်ယောက်ရဲ့
ထိုးကြိတ်မှုဟာ အဆုံးမသတ်နိုင်ပဲ
ပြင်းထန်လာတော့တယ်။


အိပ်ပျော်နေကြတဲ့
ခုနှစ်တွင်းသားတွေ
နိုးလာပြီး အိုယူနီကြီးကို
ဝိုင်းကောက်တိုက်ကြလေမယ့်
အိုယူနီကြီးကမှုတောင်
မမှုဘူး‥
ဒါပေမဲ့
ဒေဝါ့ရဲ့ အသွားစွာ ဒါးလက်ကို
မနိုင်တော့ဘဲ ဒဏ်ရာ
ပက်ကပ်စီ မော်ပြောင်ပြီး
ထိုးလဲ ကျသွားတော့တယ်‥‥


ဘီလူးကြီးဟာ
သူ့နေတဲ့နေရာကိုလည်း
ရောက်ရော သေဆုံးသွား
တော့တယ်။
ဘီလူးကြီးကို နှိမ်နင်းပေးတဲ့
သူရဲကောင်း ဇ၀ကို
ဘုရင်ကြီးက ကတိအတိုင်း
သမီးတော်သေးငယ်နဲ့လက်ဆက်
ပေးပြီး ထီးမြှောက်
ပေးလိုက်တော့သတဲ့
ကွယ်။
THE END

# စိတ်ကောင်းရှိမှ ချမ်းသာရ

လင်းသက်ချိုး



ဟိုးရှေးရှေးတုန်းကတဲ့ ကျေးရွာတစ်ရွာမှာ အလွန်ဆင်းရဲပြီး စိတ်သဘောထားအလွန်ဖြူစင်တဲ့ အဘိုးအို၊ အဘွားအိုရှိသတဲ့ကွယ်။ အဘိုးအိုနဲ့ အဘွားဟာ အသက်အရွယ်ကြီးပေမဲ့ ဖျတ်လတ်သန်စွမ်း ကျန်းမာသေးသတဲ့။ သူတို့လင်မယားနှစ်ယောက်ဟာ ဘာသာတရားကို အလွန်ရိုသေကိုင်းရှိုင်းတာမို့၊ မနက်အိပ်ရာကနိုးလို့ ကိုယ်လက်သန့်စင်ပြီးတာနဲ့ ဘုရားဝတ်တက် ဂုဏ်တော်တွေအာရုံပြုပြီးရင်၊ တရားဘာဝနာပွားများ အားထုတ်ပြီး သတ္တဝါတွေကို မေတ္တာပို့သတဲ့ကွယ်။ အဘိုးနဲ့ အဘွားဟာ စိတ်နှလုံးသားအင်မတန် နူးညံ့သူမို့ မနက်တိုင်းကျီးကန်း၊စာကလေးအစရှိတဲ့ငှက်တွေကို အစာတွေ ကျွေးမွေးလှူဒါန်းတယ်။ မနက်စောစော အိမ်ရှေ့ကို ဆွမ်းခံကြွတဲ့ ရဟန်းသံဃာတွေကို တတ်နိုင်သမျှ ဆွမ်းဟင်း၊ ဆွမ်းထမင်းတို့ကို လောင်းလှူဒါနပြုလေ့ရှိသတဲ့။

ရဟန်းတွေကို အဘွားအိုနှင့်အတူ ဆွမ်းလောင်းဝေယျာဝစ္စကိစ္စပြီး ပြီဆိုရင်တော့ အဘိုးအိုဟာ သူ့ရဲ့ပေါက်စီလှည်းကလေးကို တွန်းပြီး မြို့လုံးအနှံ့ လှည့်လည်ရောင်းချသတဲ့ကွယ်။ စိတ်ရင်းစေစေတနာကောင်းတဲ့ အဘိုးအိုရောင်းချတဲ့မုန့်ကို မြို့က လူတွေကလည်း အမြဲပဲဝယ်ယူအားပေးလေ့ရှိကြတယ်။ တစ်နေ့တစ်နေ့ပေါက်စီရောင်းတဲ့ ဝင်ငွေဟာ သူတို့လင်မယားအတွက် လုံလောက်တာမို့အဘိုးအိုနဲ့အဘွားအိုဟာအေးအေးလူလူဘဝကို အသက်မွေးမြူကြသတဲ့ကွယ်။ အဘိုးအိုး ပေါက်စီသွားရောင်းရင်အိမ်မှာ ကျန်ခဲ့တဲ့အဘွားအိုဟာ အ

လကားမနေဘဲ အိမ်မှုကိစ္စတွေကို တစ်ခုပြီးတစ်ခု ဇယ်ဆက်သလို လုပ်ဆောင်တတ်သတဲ့။ အချက်အပြုတ်၊ အလျှော်အဖွတ်နှင့် အချုပ်အလုပ်ဟာ အဘွားအိုရဲ့ အလုပ်တွေပေါ့ကွယ်။

ဒီလိုနဲ့အဘွားအိုဟာ အားလပ်ချိန်တိုင်းမှာ အချိန်ယူပြီး နံရံမှာ ချိတ်ဖို့ နတ်သမီးပုံလေးကို အပ်တစ်ချောင်းနဲ့ ပန်းထိုးတာပေါ့ကွယ်။ အချိန်ယူပြီး တစ်နေ့နည်းနည်း နည်းနည်းလုပ်ရင်းနှင့် တာဝတိံသာနတ်ပြည်ကနေ လူ့ပြည်ကိုဆင်းသက်လာတဲ့ နတ်သမီး ပုံလေးကို ပန်းထိုးလို့ပြီးစီးသွားသတဲ့။ အဘွားအိုဟာ သူကိုယ်တိုင် ပန်းထိုးရေးဆွဲထားတဲ့ နတ်သမီးပုံလေးကိုကြည့်ပြီးပီတိဖြစ်နေသတဲ့။ ဒီအချိန်မှာပဲ အဘိုးအိုကလည်း ပေါက်စီရောင်းပြီးလို့ အိမ်ကိုပြန်လာသတဲ့။ အိမ်ရောက်တော့ အဘွားကြီးရေးထိုးထားတဲ့ ပန်းချီကားကိုမြင်တော့ အလွန်သဘောကျနှစ်သက်ပြီး သူ့မိန်းမဖြစ်တဲ့ အဘွားအိုကို ချီးမွမ်းစကား ဆိုသတဲ့ကွယ်။

"မိန်းမရယ် မင်းပန်းထိုးလိုက်တဲ့နတ်သမီးဟာ တကယ်ချစ်စရာကောင်းပြီးလှလိုက်တာတို့ရဲ့သားသမီးအရင်းပဲဖြစ်လိုက်ပါတော့" လို့ဆိုသတဲ့ကွယ်။ ဒီအခါမှာ အဘွားအိုးကလည်း သူ့ပန်းချီကားကို ကြည့်ပြီး။

"ဟုတ်ပါရဲ့ ရှင်။ ကျွန်မလည်း လေးငါးလအပင်ပန်းခံပြီး ထိုးလိုက်တဲ့ ပန်းချီကား စိတ်ထဲမှာ တကယ်အသက်ဝင် နေသလိုပါပဲရှင်" လို့ ပြောသတဲ့။

ဒီလိုနဲ့ အဘွားအိုဟာ သူ့ပန်းထိုးပန်းချီကားချပ်ကို အိမ်ရှေ့ဧည့်ခန်းမှာထားတဲ့ နတ်ဆေးဂမုန်းပင်ရဲ့ အပေါ်တည့်တည့်နံရံမှာ ချိတ်ဆွဲထားလိုက်တာပေါ့။ တိုက်တိုက်ဆိုင်ဆိုင်ပဲ နောက်နေ့ဟာ လပြည့်နေ့ ကျရောက်မယ့်နေ့ပေါ့။

အဘွားအိုနဲ့ အဘိုးအိုဟာ အတော်ညဥ့်နက်တဲ့အထိ ဧည့်ခန်းမှာ ချိတ်ထားတဲ့ တာဝတိံသာနတ်သမီးပုံကိုပဲ ကြည့်မဝနိုင်ဖြစ်နေကြသတဲ့ကွယ်။ ပြီးတော့မှ အဘိုးအိုနဲ့ အဘွားအိုဟာ အိပ်ရာဝင်သွားကြသတဲ့ကွယ်။

ညသန်းခေါင်ယံလည်း ရောက်ရော ကောင်းကင်ယံမှာ လမင်းကြီးဟာပြည့်ဝန်းပြီးနေတဲ့အချိန်ပေါ့။ အဲဒီအချိန်မှာပဲ အဘွားအို ပန်းထိုးထားတဲ့ နတ်သမီးပန်းချီကားလေးဟာ လေမတိုက်ပဲနဲ့ နံရံထက်မှာ တလူးလူးတလွင့်လွင့်နဲ့ ဖြစ်နေသတဲ့။

ဒီလိုနဲ့ သိပ်မကြာခင်မှာပဲ ဧည့်ခန်းထဲက နတ်ဆေးဂမုန်းပင်ထဲက အညွန့်လေးတစ်ညွန့်ဟာ အပေါ်ကို တလွန့်လွန့်နဲ့ တက်သွားပြီး ပန်းချီကားထဲက နတ်သမီးပုံကို သွားတို့ထိလိုက်တယ်တဲ့။ ဒီအခါမှာပဲ မီးခိုးလုံးကြီး ဖြစ်သွားတယ်၊ အဲဒီနံရံမှာ အခိုးအငွေ့တွေဖြစ်သွားပြီး ဧည့်ခန်းထဲကို အလွန်ချောမောလှပပြီး နန်းဝတ်နန်းစား အဝတ်အစား ဝတ်ထားတဲ့ မိန်းမပျိုလေးတစ်ဦး ရောက်လာသတဲ့ကွယ်။

အဲဒီ မိန်းမပျိုလေးဟာ အဘွားအိုဆွဲထားတဲ့ နံရံပန်းချီကားထဲက နတ်သမီးလေးပေါ့ကွယ်။ နတ်သမီးလေးဟာ သူရောက်နေတဲ့ အိမ်လေးရဲ့အခြေအနေကို လှည့်ပတ်ပြီ လိုက်ကြည့်သတဲ့။ ပြီးတော့ အဘိုးအိုအိပ်နေတဲ့ အိပ်ခန်းကိုခန်းစီးလေးလှပ်ပြီး ကြည့်လိုက်သတဲ့။ အဘိုးအိုနဲ့ အဘွားအိုဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသတဲ့ကွယ်။

ဒီလိုနဲ့မနက်မိုးလင်းလို့ အဘိုးအိုနဲ့အဘွားအို အိပ်ရာကလည်း နိုးလာရာ၊ ဧည့်ခန်းထဲက ထမင်းစားပွဲပေါ်မှာ ပူပူနွေးနွေးစားစရာ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ထောင်းရယ်၊ မွှေးရနံ့သင်းတဲ့ လက်ဖက်ခြောက်ခပ်ထားတဲ့ ရေနွေးအိုးရယ်ကို

အဆင်သင့်တွေ့ရတာပေါ့။ ဒါနဲ့ အဘိုးအိုနဲ့ အဘွားဟာ သူတို့အိမ်ထဲကို ဘယ်သူက မနက်စောစော အိမ်ထဲဝင်ပြီး ခုလိုချက်ပြုတ်သွားတယ်ဆိုတာ မသိရတော့ပိုပြီးအံ့အားသင့်ရတော့တာပေါ့။ ဒီထက်ပိုအံ့အားသင့်ရတာကတော့ အဘိုးအို မနက်ဈေးသွားရောင်းဖို့ ပေါက်စီတွေကိုပါ အသင့်လုပ်ပေးထားသတဲ့ကွယ်။

ဒီလိုနဲ့ မနက်တိုင်း၊ မနက်တိုင်းမှာ အဘိုးအိုနဲ့ အဘွားအိုအတွက် မနက်စာအဆင်သင့်၊ ဈေးရောင်းဖို့ ပေါက်စီအသင့်နဲ့ ဖြစ်နေတာကို အဘိုးအိုနဲ့အဘွားအိုဟာ သူတို့ကို ဘယ်သူလာလုပ်ပေးတယ် ဆိုတာ သိချင်လာတာပေါ့။ ဒါနဲ့ တစ်ညမှာတော့ သူတို့လင်မယားနှစ်ယောက်ဟာ မအိပ်ဘဲနဲ့ အိပ်ချင်ယောင်ဆောင်ပြီး အခြေအနေကို စောင့်ကြည့်နေတာပေါ့ကွယ်။

သန်းခေါင်ကျော်လောက်မှာတော့ အဘွားအိုဆွဲထားတဲ့ ပန်းချီကားထဲက မိန်းမပျိုလေးဟာ လေမှာလူးလွန့်ရင်းဖြင့် အခိုးအငွေ့ပုံသဏ္ဍာန်များအကြားမှာ ထွက်ပေါ်လာကာ ဧည့်ခန်းထဲကို ရောက်လာတော့တာပေါ့။ အဘိုးအိုနဲ့ အဘွားအိုဟာ အသာအယာလေး ချောင်းကြည့်နေတာပေါ့။ သူတို့အိမ်ထဲကို အင်မတန်ချောမွေ့လှပတဲ့ မိန်းမပျိုလေး ရောက်နေတာကိုတွေ့ရတယ်။ မိန်းမပျိုလေးဟာ တစ်အိမ်လုံးကို လှဲကျင်းသန့်ရှင်းပြီးတာနဲ့ အဘိုးနဲ့ အဘွားစားဖို့ချက်ပြုတ်တယ်။ ပြီးတော့ အဘိုးဈေးရောင်းဖို့ ပေါက်စီတွေပါ တစ်ခါတည်းချက်ပြုတ်ပေးသတဲ့ကွယ်။ အားလုံးပြီးလို့ မိုးလင်းခါနီးမှာတော့ နတ်သမီးလေးဟာပြန်ဖို့ ပြင်ဆင်ပြီး ပန်းချီကားထဲ ပြန်ဝင်ဖို့ ကြိုးစားနေတုန်းမှာပဲ အဘိုးအိုနဲ့အဘွားအိုဟာ ချက်ချင်းထပြီး မိန်းကလေးကို လက်ရဖမ်းလိုက်တာပေါ့ကွယ်။

နတ်သမီး မိန်းကလေးဟာ ဘယ်လိုမှရုန်းထွက်လို့ မရတော့ဘဲ အဘိုးအိုနဲ့ အဘွားအိုလက်ထဲမှာ အမိခံလိုက်ရတာပေါ့။ အဲဒီအခါမှာတော့ နတ်သမီးလေးက သူဟာ အဘွားအိုရေးထိုးတဲ့ ပန်းချီကားထဲက နတ်သမီးလေးဖြစ်တဲ့အကြောင်း အဘွားအို ရေးဆွဲလို့သာ သူအသက်ရှင်ခဲ့ရတာမို့ အသက်သခင်အဘွားနဲ့အဘိုးကို ကျေးဇူးဆပ်ချင်လို့ ဒီလိုလုပ်ကိုင်ပေးတာပါလို့ ပြောသတဲ့။ နောက်ပြီး သူဒီလို လာတာ သွားတာကိုလည်း ဘယ်သူမှ မသိစေပါနဲ့ သိရင်အားလုံးဒုက္ခရောက်ကုန်ပါလိမ့်မယ်လို့မှာတာပေါ့ကွယ်။ အဘိုးနဲ့အဘွားကလည်း ကတိပေးတာပေါ့ကွယ်။

နောက်တစ်နေ့မှာတော့ နတ်သမီးလေးဟာ အဘိုးနဲ့ အဘွားကို စားဖို့ပြင်ဆင်ပေးခဲ့ပြီး ပြန်သွားတာပေါ့။ ပြီးတော့ အဘိုးအိုဟာ သူ့ပေါက်စီအဖုံးကိုဖွင့်ကြည့် လိုက်တဲ့အခါ ပေါက်စီတွေအကြားမှာ ရွှေတုံးလေးတွေ ခဏခဏထည့်ထည့်ပေးတာပေါ့။ ဒီလိုနဲ့ တစ်နေ့မှာတော့ အဘိုးနဲ့အဘွားရဲ့အိမ်ဘေးက စိတ်ကောင်းမရှိတဲ့ ဒေါ်နီမဲဟာ အဘိုးနဲ့အဘွားအိမ်ကိုလာလည်ရင်းနဲ့ ပေါက်စီဖိုထဲက ရွှေတုံးရသွားတာတွေ တွေ့သွားပါရောတဲ့ကွယ်။ အဘိုးနဲ့အဘွားလည်းဟန်မပျက်သိမ်းပေမယ့် ဒေါ်နီမဲက မြင်သွားပြီပေါ့လေ။

တစ်နေ့မှာတော့ အိမ်နီးချင်းဒေါ်နီမဲဟာ အဘိုးနဲ့အဘွားတို့ အိမ်ထဲက နတ်သမီးလေးလာပြီး ကူညီနေတဲ့ဇာတ်လမ်းအစအဆုံးကိုချောင်းကြည့်ပြီး သိသွားသတဲ့။ ဒါနဲ့တစ်နေ့မှာတော့ အဘိုးနဲ့အဘွားအိမ်ရောက်လာပြီး အခြေနေတွေကို လေ့လာနေသတဲ့။ ခဏနေတော့ အဘိုးကြီးနဲ့ အဘွားကြီးကို ဝိုင်းကူလုပ်ပေးသလိုနဲ့ အိပ်မွေ့ချလိုက်သတဲ့။ အဘိုးကြီးနဲ့အဘွားကြီးလည်းမေ့မျောသွားတာနဲ့ဒေါ်

နီမဲဟာ သူတို့နှစ်ယောက်ကို နောက်ဖေးက အခန်း လွတ်ထဲမှာ ထည့်ထားလိုက်တာပေါ့။

ဒီလိုနဲ့ ဒေါ်နီမဲဟာ တစ်ညလုံးမအိပ်ဘဲ ချောင်တစ်ချောင်ကနေ နတ်သမီးလေးကို ထိုင်ပြီးဖမ်းဖို့ စောင့်နေသတဲ့ကွယ်။ သန်းခေါင်ကျော်တော့ နတ်သမီးလေးဟာ အိမ်ထဲကို ရောက်လာတာပေါ့။ ခါတိုင်းလိုပဲ သူလုပ်စရာရှိတာလုပ်၊ ချက်စရာရှိတာ ချက်နေတုန်း အိမ်နီချင်းဒေါ်နီမဲဟာ နတ်သမီးလေးကို နောက်ကနေကြိုးကွင်းနဲ့ ဖမ်းပြီးတုပ်နှောင်လိုက်သတဲ့ကွယ်။

နတ်သမီးလေးဟာ အငိုက်မိသွားတာမို့ အဖမ်းခံလိုက်ရတယ်။ ဒါပေမဲ့ အပြုံးမပျက်ဘဲ ဒေါ်နီမကို မေးသတဲ့။

“အဒေါ် ကျွန်မကို ဘာလို့ ဖမ်းရတာပါလဲ ရှင်”

ဒေါ်နီမဲက နတ်သမီးကို ကြည့်ပြီး . . .

“ငါက ဒီအဘိုးကြီးလင်မယားရဲ့ ဘေးအိမ်ကပေါ့။ ငါလည်းစားဝတ်နေရေး အဆင်မပြေဘူး။ ဆင်းဆင်းရဲရဲနေရတယ်။ အခု မင်း လာကူညီလို့ ဒီအဘိုးကြီး လင်မယားအဆင်ပြေနေတယ်။ ငါ့ကိုလည်း အဲဒီလို ကူညီပေးစမ်း။ ပေါက်စီမုန့်နဲ့ ရွှေတုံးတွေ လုပ်ပေးစမ်း လို့ ခိုင်းသတဲ့။ မလုပ်ပေးရင် သတ်ပစ်မယ် ” လို့ ပြောသတဲ့။

နတ်သမီးလေးက ဒေါ်နီမဲကို ပြုံးကြည့်ပြီး။

“ဩော် အဒေါ်ရယ်၊ အဒေါ့်ကိုလည်း လုပ်ပေးပါ့မယ်” လို့ ပြောသတဲ့။

“အေး ဒါဆို ခုချက်ချင်း ငါ့ကိုပေါက်စီမုန့်နဲ့ ရွှေတုံးတွေလုပ်ပေးစမ်း” လို့ ခိုင်းသတဲ့။

နတ်သမီးလေးကလည်းပေါက်စီတွေလုပ်ပေးလိုက်သတဲ့။ ပြီးတော့ ပေါက်စီတွေကြားထဲမှာ ရွှေတုံးလေးတွေပါ ဖန်ဆင်းပေးလိုက်သတဲ့။ သူ့ကို လုပ်ပေးရင်းနဲ့ နောက်ဖေးအခန်းထဲမှာကြိုးတုပ်ပြီး ဖမ်းထားတဲ့ အဘိုးကြီးအဘွားကြီးကို သူ့တန်ခိုးနဲ့ ကြိုးဖြေပေးလိုက်သတဲ့။

ဒေါ်နီမဲဟာ နတ်သမီးလေး ဖန်ဆင်းပေးတဲ့ ပေါက်စီကို လက်နဲ့ ကိုင်လိုက်တာနဲ့ ပေါက်စီဟာ မည်းမည်းကြီးဖြစ်သွားရောတဲ့။ နောက်တစ်ခါ ရွှေတုံးတွေကို လက်နဲ့ကိုင်လိုက်နဲ့ ရွှေတုံးတွေဟာ ကျောက်တုံးတွေလို အရောင်မွဲမွဲဖြစ်သွားသတဲ့ကွယ်။ နတ်သမီးလေးကလည်း ထပ်လုပ်ပေးလိုက်၊ ဒေါ်နီမဲက ထပ်ပြီး ကိုင်လိုက်နဲ့ မည်းသွားပြန်ရော။ နောက်ဆုံးတော့ ဒေါ်နီမဲဟာ ချုံးပွဲချပြီး ငိုရတော့ တာပေါ့ကွယ်။

ဒီအခါကျမှ နတ်သမီးလေးဟာ ဒေါ်နီမဲကို ပြောသတဲ့။


“အဘွားဒေါ်နီမဲဟာ ဒီအိမ်ရှင်အဘိုးနဲ့ အဘွားလို စိတ်ကောင်းနှလုံးကောင်းမထားလို့ ပေါက်စီတွေရွှေတုံးတွေမည်းသွားတာပါ။ ဒီအိမ်ရှင်အဘိုးနဲ့အဘွားဟာ ဆင်းရဲပေမယ့် သူတစ်ပါးအပေါ်၊ သတ္တဝါလေးတွေအပေါ် ကူညီချင်တဲ့ စိတ်နှလုံးကောင်းလေးတွေ ရှိတဲ့သူမို့ ပေါက်စီလည်းမမည်း၊ ရွှေတုံးလည်းမမည်းတာပေါ့ ဒေါ်နီမဲရယ်။

နောက်ကို သူများအပေါ်မကောင်းတဲ့ မနာလိုစိတ်တွေမထားမှ ရှင်ချမ်းသာမှာ အဲဒီစိတ်တွေရှိနေသမျှ ရှင်ဒုက္ခရောက်နေဦးမှာပါလို့ ပြောလိုက်သတဲ့ကွယ်။

ဒေါ်နီမဲလည်းရှက်ရှက်နဲ့ နတ်သမီးလေးရယ်၊ အိမ်ရှင်အဘိုးကြီးနဲ့ အဘွားကြီးကို တောင်းပန်ပြီး ငိုယိုရင်းထွက်ပြေးသွားတဲ့ကွယ်။

ဒါကြောင့် သားတို့သမီးတို့လည်း သူတစ်ပါးအပေါ်စိတ်နှလုံးကောင်းထားတတ်ဖို့ လိုတယ်ဆိုတာ မမေ့ကြနဲ့နော်။

လင်းသက်ခိုင်




ဟိုး . . . တစ်ခါတုန်းကပေါ့ကွယ်။

တောရွာကြီးတစ်ရွာမှာ လယ်ပိုင်ရှင်သူဌေးကြီး ဖိုးပန်းမြဆိုတာ ရှိပါသတဲ့။ ဖိုးပန်းမြဟာ သာမန် လယ်သမားလေးဘဝကနေ အလုပ်ကိုကြိုးစား လုပ်ပြီး အပျော်အပါး၊ လောင်းကစားမဖက်ဘဲ ရုန်း ကန်ခဲ့လို့ တစ်စ တစ်စနဲ့ ကြီးပွားတိုးတက်လာခဲ့ တာပဲပေါ့။ အဲသည်ရွာကြီးမှာရှိတဲ့ လယ်မြေအတော် များများကို ပိုင်ဆိုင်တာကြောင့် "လယ်ပိုင်ရှင် သူ ဌေးကြီး ဖိုးပန်းမြ" ရယ်လို့ နာမည်တွင် နေတာ ပေါ့။

ဖိုးပန်းမြစဟာ ချမ်းသာတာနဲ့အမျှတွန့်တိုမှုမရှိ ဘဲ အလှူအတန်းတွေပြုပါတယ်။ ရွာဦးဘုန်းတော် ကြီးကျောင်းမှာရှိတဲ့ သာသနိက အဆောက်အအုံ တွေ အတော်များများဆိုတာ ဖိုးပန်းမြရဲ့ ကုသိုလ် ကောင်းမှုတွေချည်းပေါ့။ တစ်နှစ်တစ်ခါဆိုသလို စပါးသိမ်းချိန်ပြီးတဲ့အခါတိုင်း ရွာထဲက မရှိဆင်းရဲ သား ကလေးသူငယ်တွေကို စုပေါင်းပြီး ရှင်ပြုပေး သလို ရပ်ရွာသာရေး နာရေးနဲ့ပတ်သက်လာရင် လည်း ရက်ရက်ရောရော ကူညီပေးတတ်လေရဲ့။ သည်တော့ တစ်ရွာလုံးက ဖိုးပန်းမြကို လေးစား ရှိသေကြပါတယ်။

ဖိုးပန်းမြဟာ အောင်မြေလယ်သမားဘဝက တက်လာခဲ့သူမို့၊ သူ့ဆီမှာလာလုပ်ကြတဲ့ သူရင်း ငှားလယ်ယာလုပ်သမားတွေကိုလည်း စေတနာ ထားပါတယ်။ သည်အခါ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလိုသူ့အလုပ်သမားပေါင်းကလည်းစေတနာ မေတ္တာအပြည့်နဲ့ ခိုကပ်ခြင်းမပြုဘဲ ဆိုင်ရာဆိုင်အ လုပ်မှန်သမျှကို အားကြိုးမာန်တက် လုပ်ဆောင် ပေးကြတော့ ဖိုးပန်းမြအဖို့ လူကောင်းသူကောင်း တွေ ရလိုက်တာနဲ့အမျှ စီးပွားလာဘ်လာဘတွေ ဆိုတာ တိုးပွားရင်း တိုးပွားနေတော့တာပဲပေါ့။ အဲ သည်အခါမျိုးမှာ ဖိုးပန်းမြဟာ သူ့အလုပ်သမား တွေကို အဝတ်အစားတွေ အသုံးအဆောင်ပစ္စည်း တွေ၊ ငွေကြေးတွေကို ဆုချလေ့ရှိပါတယ်။ ဒါ

ကြောင့် သူ့ဆီအလုပ်ဝင်မိသူမှန်သမျှဟာ ဘယ်သူ ဘယ်ဝါက လုပ်ခဲဘယ်လောက်တိုးမြှင့်ပေးပါမယ် လို့ဆိုပြီး ခေါ်ယူကြတာတောင်မှစိတ်ကူးထဲတောင် မထည့်ကြတော့ဘူးတဲ့။

သူဌေးကြီးဖိုးပန်းမြမှာ မိသားစုဆိုလို့ မိတဆိုး ဖြစ်နေရှာတဲ့ သမီးကလေးတစ်ယောက်သာရှိပြီး အမြဲလို ကြည့်မဝတာကြောင့် "မကြေးမုံ" လို့ အမည်ကလေး ပေးထားခဲ့ပါတယ်။ မကြေးမုံကလေး အဖို့ မိခင်မေတ္တာငတ်မွတ်တာတစ်ခုက လွဲလို့ ဘာမျှလိုလေးသေးမရှိရလေအောင် ဖခင်သူဌေး ကြီးဖိုးပန်းမြက ပြည့်ပြည့်စုံစုံ ဖန်တီးပေးထားခဲ့ပါ တယ်။

"မကြေးမုံကလေးရဲ့ အချောအလှကို တို့များ တစ်ရွာလုံး မပြောနဲ့ သည်နယ်တစ်ကြောမှာ တောင် မီတဲ့သူ မရှိဘူးဟေ့"

"မှန်လိုက်လေကွယ် . . . ဒါတင်ဘယ်ကဦးမှာ လည်း လိမ္မာရေးခြားရှိလှပုံများကတော့ ဩချ လောက်တယ်။ အိမ်းတွင်းမှု အလုပ်တွေဆိုတာက လည်း နိုင်မှနိုင်။ သည်ကြားထဲ ရဟန်းသံဃာ တော်တွေရဲ့ ဆွမ်းကွမ်းဝတ်တွေဆိုလည်း မပျက် ကွက်ရဘူး"

"ဖခင် အပေါ်မှာတင်မကဘူး။ အလုပ်သမား တွေကို ချက်ပြုတ်ကျွေးမွေးတော့လည်း တကယ့် ကို စေတနာအပြည့်။ ငါတို့ ပိုက်ဆံပေးခိုင်းထားတဲ့ အလုပ်သမားတွေရယ်လို့ သဘောမထားဘူး။ ကိုယ့် မိသားစု ဆွေမျိုးရင်းချာလို သဘောထားတော့ လည်း အလုပ်သမားတွေအားလုံးဟာ မကြေးမုံက လေးကို ကိုယ့်သမီး၊ ကိုယ့်တူမ၊ ကိုယ့်ညီမလေး လို သဘောထားပြီး စောင့်ရှောက်ကြတယ်။

"ဘယ်လိုပဲပြောပြော . . . ဖိုးပန်းမြခမျာတော့ သမီးအလိမ္မာကလေး ရလိုက်တာဟာ သိပ်ကို ကံကောင်းတယ်လို ဆိုရမယ်"

ပတ်ဝန်းကျင်ကတောင် တခုတ်တရ ဖွဲ့နွဲ့ချီး မွမ်းကြတယ်ဆိုတော့ တကယ်ဖခင်ရင်း အဖို့ရာမ တော့ မျက်စိအောက်က အပျောက်မခံနိုင်လောက် အောင်ပဲပေါ့။ မကြေးမုံကလေးဟာလည်း အလှ တွေပေါင်းစုထားတဲ့ အရွယ်သင့်ချိန် ရောက်လာ ခဲ့ပြီပေါ့။ သည်အခါ မကြေးမုံကလေးကို စိတ်ဝင် စားသူတွေ များလာခဲ့တယ်။ သမန်လက်လုပ်လက် စား အပါအဝင် လူလတ်တန်းစားတွေ သဌေးအဆင့် ဝင် တွေကပါ သူတို့ရဲ့သားနဲ့ လက်ဆက်ပေးဖို့ရာ လာရောက်စပ်ဟပ်ကြတယ်။သည်အခါမျိုးမှာတော့ ဖိုးပန်းမြဟာ သူ့အယူအဆကို ထုတ်ဖော်ပြောပြ ခဲ့ပါတယ်။

"သမီးကညာ အရွယ်ရောက်လာပြီဆိုတော့ ချိန်ခါမလင့်ရဘူးဆိုတာကို ကျုပ်သဘောပေါက် နားလည်ပါတယ်။ ကျုပ်အဖို့ ဆင်းရဲတာတွေ ချမ်း သာတာတွေဟာ အကြောင်း မဟုတ်ပါဘူး။ အရေး ကြီးတာက သမီးကလေး မကြေးမုံနဲ့ လက်ဆက် မယ့်သားသမက်ဟာ သမီးကလေးအပေါ်ထာဝစဉ် ကြင်နာပြီး သစ္စာရှိရှိ ပေါင်းဖော်သွားဖို့ အမြော်အ မြင်ရှိပြီး အလုပ်ကိုအမြဲကြိုးစားလုပ်ကိုင်ဖို့ အ သောက်အစား အပျော်အပါးကင်းဖို့ ကိုပဲ လိုအပ်ပါ တယ်။ အထူးသဖြင့် ကျုပ်မြတ်နိုးတဲ့ လယ်ယာ အလုပ်လုပ်ကိုင်သူကို ပိုပြီး လိုလားပါတယ်"

အားလုံးဟာ သူဌေးကြီးဖိုးပန်းမြရဲ့ စကားကို အလေးအနက်ထောက်ခံကြပြီး မကြေးမုံကလေး ရဲ့အိမ်ထောင်ဖက် ဘယ်သူဖြစ်မလဲဆိုတာကို စိတ် ဝင်စားနေကြပါတော့တယ်။

ဖိုးပန်းမြဟာငယ်ရာကကြီးလာတဲ့သူ့မှီလူငယ် တွေအကြောင်းကို ကောင်းကောင်းကြီး သိပါ တယ်။ သည်မှာတင် သူ့ရဲ့ အလုပ်သမားလူငယ် နှစ်ဦးကိုစိတ်ထဲကနေ ရွေးချယ်လိုက်ပါတယ်။အဲဒီ

လူငယ်နှစ်ဦးကတော့ မောင်ရဲရင့်နဲ့ မောင်သက်ပန်တို့ပါပဲ။ မောင်ရဲရင့်ဟာ အရှေ့ဖက်ရွာဖျားကနေ အလုပ်လာဆင်းရပြီး မောင်သက်ပန်ကတော့ အနောက်ဖက်ရွာကနေ လာရပါတယ်။

သူတို့နှစ်ဦးစလုံးရဲ့မျက်ဝန်းတွေကို အကဲခတ်တတ်ရင် မကြေးမုံကလေးအပေါ် မေတ္တာသက်ဝင်နေတယ်ဆိုတာကို ထင်ရှားစွာတွေ့မြင်ရမှာပါ။ အချင်းချင်းလည်းသိနေကြတယ်။ ဒါပေမဲ့ရည်းစားလုဘက်တွေရယ်လို့ သဘောမထားဘဲ သူငယ်ချင်းစိတ်ဓာတ်အပြည့်နဲ့ ချစ်ချစ်ခင်ခင်ရှိကြလေရဲ့။ တစ်နေတော့ ဖိုးပန်းမြဟာ သူတို့နှစ်ဦးကိုခေါ်ပြီး...

"ကိုင်း... မောင်ရဲရင့်နဲ့ မောင်သက်ပန်တို့ကို ဦးကြီးခေါ်ရတဲ့ ကိစ္စကတော့ ဦးကြီးပိုင်တဲ့ လယ်တွေအနက် တစ်ပိုင်းစီခြားပြီး မောင်ရဲရင့်က တစ်ပိုင်း၊ မောင်သက်ပန်က တစ်ပိုင်း... ကျန်တဲ့သူရင်းငှားတွေကို အုပ်ချုပ် လုပ်ကိုင်သွားဖို့ပါ။ ဖြစ်တယ်မဟုတ်လား" လို့ တာဝန်ပေးမေးမြန်းတော့ သူတို့နှစ်ယောက်သားလည်း တာဝန်ယူလုပ်ဆောင်နိုင်တဲ့အကြောင်း ဝန်ခံပြောကြပါတယ်။

တကယ်လည်းသူတို့နှစ်ဦးစလုံးဟာကိုယ်တာဝန်ယူထားတဲ့ အပိုင်းအပေါ် တာဝန်ကျေခဲ့ကြပါတယ်။ လုပ်ငန်းခွင် သိမ်းတဲ့အခါ သီးနှံအထွက်နှုန်းတွေ နှိုင်းယှဉ်တဲ့အခါ တစ်ဦးနဲ့တစ်ဦး အကွာအဟမရှိသလို တစ်မြန်နှစ်က ထက်တောင်မှ အထွက်ပိုနေတာကို တွေ့ရပါလေရဲ့...။ သည့်အတွက်ဆုကြေးတွေပေးတဲ့အခါ သူတို့ဟာ အပျော်အပါးလောင်းကစားတွေ မလုပ်ဘဲ မိဘတွေလက်ထဲတစ်လုံး တစ်ခဲတည်း ပြန်အပ်ကြတယ်ဆိုတဲ့အကြောင်း ဖိုးပန်းမြကြားသိရတော့ ခေါင်းတညိတ်ညိတ်နဲ့ပေါ့။

နောက် တစ် နှ စ် ရောက် ပြန် တော့ လည်း ထိုနည်းလည်ကောင်းပါပဲ။ ကောက်ပဲသီးနှံ အထွက်နှုန်းဟာ ပိုလို့တောင်တိုးလို့ပေါ့။ သည်ကတည်းက မောင်ရဲရင့်နဲ့ မောင်သက်ပန်တို့ဟာ လယ်ယာမြေကို ချစ်ပြီး အလုပ်ကြိုးစားတဲ့သူတွေဖြစ်တာသိသာနေပါပြီ။

ဒါပေမဲ့ ခက်နေတာက ဖိုးပန်းမြအဖို့ရာ ဘယ်သူ့ကို သမက်အဖြစ်ရွေး ချယ်သင့်တယ်ဆိုတာပါပဲ။ သူသတ်မှတ်ထားတဲ့ အချက်တွေ တော်တော်များများတော့ ကိုက်ညီသလောက်ရှိနေပါပြီ။ သည်သူငယ်နှစ်ယောက်ဟာ သမီးပေါ် ချစ်စိတ်ရှိနေတာလည်း ယုံမှားသံသယဝင်စရာ မရှိတော့ပါဘူး။

သည်တော့ရှေ့မျက်နှာနောက်ထားပြီးသမီးကလေး မကြေးမုံကိုပဲ ပွင့်ပွင့်လင်းလင်း တိုင်ပင်ရပြန်ပါပြီ။ တကယ်ဆိုရင် ဖခင်လုပ်သူက သည်လူနဲ့သင့်တော်လို့ သည်လူနဲ့ပဲယူဆိုရင်လည်း မိဘစကား မပယ်ရှားတဲ့ သမီးအလိမ္မာကလေးမို့ လက်သင့်ခံ ခေါင်းညိတ်မိမှာ အမှန်ပါပဲ။ ခု ဖခင်ကြီးဟာ မောင်ရဲရင့်နဲ့ မောင်သက်ပန်နှစ်ဦးစလုံးပေါ် သဘောကျနေမှန်းကိုလည်း ရိပ်စားမိနေပါပြီ။ ခက်နေတာက နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးချယ်ဖို့ အရေးပါပဲ။ သည့်အတွက် သမီးကိုလည်းအခွင့်အပေးတဲ့အနေနဲ့ သမီးရဲ့ဆန္ဒသဘောထားကို သိရအောင် တိုင်ပင်ရတာပါ။

"သမီးရယ် မောင်ရဲရင့်နဲ့ မောင်သက်ပန်တို့ကို လေ့လာကြည့်တဲ့အခါ မျိုးရိုးဇာတိ၊ အရည်အသွေး၊ အမြော်အမြင်၊ ကြိုးစားအားထုတ်မှုတွေဟာ တူညီနေတာတွေ့ရတယ်။ ပြီးတော့ အသောက်အစား အပျော်အပါးလောင်းကစားကင်းကြတာလည်း ချီးမွမ်းစရာပါ။ သူတို့နှစ်ဦးထဲက တစ်ဦးကို သမီးနဲ့ အဖေ လက်ဆက်ပေးချင်တယ်။ ဒါပေမဲ့ အဖေ့အဖို့ ရွေးရခက်နေတယ်ဆိုတော့ကာ... သမီးသဘောကိုသိချင်ပါတယ်။ သမီးဘယ်သူ့ကိုရွေးချယ်မတုံး"

"သမီးသဘောနဲ့ ရွေးချယ်ရမယ်ဆိုရင်၊ အနောက်ဖက်ရွာက နေ၊ နေ့စဉ်လာ အလုပ်ဆင်းရတဲ့ ကိုသက်ပန်ကို ရွေးမယ်အဖေ"

"ဟေ... ဘယ်လိုကြောင့်လဲကွယ်။ အဖေတော့ မစဉ်းစားတတ်တော့ဘူး။ နှစ်ယောက်သားရဲ့အရည်အချင်းဆိုတာ တူနေကြတဲ့ဥစ္စာ"

"မှန်ပါတယ် အဖေ။ အဖေပြောသလိုပဲ ကိုရဲရင့်နဲ့ ကိုသက်ပန်တို့ နှစ်ဦးစလုံးဟာ တော်ကြတဲ့သူတွေချည်းပါပဲ။ အဲသည်ထဲမှာ ကိုသက်ပန်ဟာ သမီးတို့ဆီကို အနောက်ဖက်ရွာကနေ လာရလို့ပါပဲ"

"ဟင် ဘယ်နှယ့်ပါလိမ့်။ မောင်ရဲရင့်လာရတဲ့ အရှေ့ဖက်ရွာက ခရီးကလည်း မောင်သက်ပန်နဲ့ ဘာများခြားလို့လဲ သမီးရယ်"

"ခရီးအတိုင်းအဆတော့ တူမှာပေါ့ အဖေရယ်။ ဒါပေမဲ့ "ခံနိုင်ရည်" မှာ ကွာတယ်အဖေ"

"ဘယ်... ဘယ်လို။ ခံနိုင်ရည်ကွာတယ် ဟုတ်လား အဖေတော့ နားမရှင်းတော့ဘူးကွယ်"

"ဒါဆိုလည်း သမီးရှင်းပြပါ့မယ် အဖေ။ ကိုသက်ပန်ဟာ နေ့စဉ်အနောက်ဖက်ရွာက လာရတဲ့ သူဆိုတော့ သူ့အလာခရီးမှာ နေကို မျက်နှာမူပြီးလာရပါတယ်။ သည်တော့ မျက်နှာကိုနေပူထိုးတဲ့ဒဏ်ကိုခံရရှာပါတယ်။ အပြန်ကျတော့နေအဝင်ကို မျက်နှာမူပြီး ပြန်ရတဲ့အခါ မျက်နှာကို နေထိုးတဲ့ဒဏ် ခံရပြန်ပါလေရော။ နေဆိုတာဟာ ပူပါတယ်။ နေရဲ့ အပူဒဏ်ကို ခန္ဓာကိုယ်က ခံရတဲ့အခါ မျက်နှာကို အပူခံရတာ၊ မျက်လုံးအကျိန်းခံရတာက အဆိုးဆုံးပါပဲ။

"အဲဒီအဆိုးဆုံးဒဏ်ကို နေ့စဉ်ခံနေရသူဟာ ကိုသက်ပန်ပဲမဟုတ်လား။ ကိုသက်ပန်ဟာ အခြားအခြားသော အရည်အချင်းတွေသာမက "ခံနိုင်ရည်" ရှိတယ်ဆိုတဲ့ "အရည်အချင်း"ပါ ပြည့်ဝတဲ့အတွက် သမီးဆုံးဖြတ် ရွေးချယ်လိုက်တာပါ"

သည်အဖြေစကားက မကြာခင်ပျံ့သွားတော့သည်။

"တောက်..တယ်လည်းတတ်သိပညာအလိမ္မာကြွယ်ဝတဲ့ ကလေးမပဲ"

"အင်မတန်မှ အမြော်အမြင်ကြီးပေတဲ့ မကြေးမုံပဲဟေ့"

"မောင်သက်ပန်တော့ဟန်ကျတာပဲဟေ့။ မောင်ရဲရင့်ခမျာ သနားစရာ"

"အိုကွာ မောင်ရဲရင့်က သဘောထားပြည့်ပါတယ်။ မင်္ဂလာဆောင်ကျရင် မောင်သက်ပန်ကို သတိုးသားအရန် လုပ်ပေးမတဲ့"


မကြေးမုံကလေးရဲ့အရည်အချင်းထက်မြက်မှုအပေါ် အားလုံးက ချီးကျူးမဆုံးဖြစ်ကြပါလေရော။


မကြာပါဘူး။ မောင်သက်ပန်နှင့်မကြေးမုံတို့ရဲ့ ထိမ်းမြားလက်ထပ်တဲ့ မင်္ဂလာပွဲသဘင်ဟာ အဲသည်နယ်တစ်ဝှမ်းမှာ ပြောစမှတ်တွင်ရလောက်အောင် ထူးထူးခြားခြား ဖြစ်သွားတယ်ဆိုပဲ။ ကြွရောက်ချီးမြှင့်လာကြတဲ့ ဧည့်ပရိတ်သတ်အပေါင်းထံက ရလာတဲ့ မင်္ဂလာလက်ဖွဲ့ငွေကြေးတွေကို တစ်ပြားတစ်ချပ်မှ မသုံးစွဲဘဲ ကျေးရွာအတွက် မူလတန်းကျောင်းကလေးတစ်ကျောင်း ဆောက်လုပ်ပေးတဲ့အတွက် သာဓုခေါ်သံတွေ ဆိုတာ ဘဝင်ကို လျှံသွားပါရောတဲ့ကွယ်။

ကိုင်း ပုံပြင်ကလေးကတော့ ဒါပါပဲ။

ကလေးတို့လည်း မောင်သက်ပန်လို နီးကြားတက်ကြွပြီး အလုပ်ကိုကြိုးစားဖို့ အပျော်အပါးတွေ ကွင်းရှောင်ဖို့သတိပြုသင့်သလိုမကြေးမုံကလေးလို တွေးခေါ်ဆင်ခြင်ဉာဏ်ထက်သန်ကြပါစေလို့ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ကွယ်။

နန္ဒာမိုးကြယ်


ကာတွန်းသန်းဒေါင်
ရန်သူရဲ့ ဆုံးဖြတ်ချက်
တစ်ခါက - ညောင်ပင်အိုကြီး တစ်ပင်ရှိတယ် ....
ပင်စည်အောက်ပိုင်းမှာ - အခေါင်း ပေါက်ကြီးတစ်ပေါက်ရှိသတဲ့ ....


တစ်နေ့မှာပေါ့ ....
ငှက်တစ်ကောင်ဟာ - အဲဒီသစ်ပင်
ကြီးဆီလာပြီး အိမ်လုပ်နေတယ် ...
တစ်နေ့တော့အဲဒီငှက်ဟာ
သူ့အခေါင်းပေါက်ကနေ
ထွက်ပြီးအစာရှာထွက်ခဲ့သတဲ့ ...


မကြာခင်မှာပဲသူဟာ - ဝင်းမှည့်နေတဲ့ အသီးတွေကိုတွေ့ခဲ့ရတယ် ...
သူဟာ - အနှစ်သက်ဆုံးအစား အစာတွေကို စားပစ်လိုက်သတဲ့ ...
ပြီးတော့အခြားငှက်တွေကိုလည်း အစားအစာတွေ အကြောင်းကို အသိပေးပြောကြားဖို့ ဆုံးဖြတ် လိုက်တာပေါ့ .....


ဒါနဲ့ - သူ့အဖော်တွေကိုသွားပြီး
ခေါ်လာခဲ့သတဲ့ ...
ဒီအခါ - ငှက်အပေါင်းများစွာဟာ
ရောက်လာကြတော့သတဲ့ ...
သူတို့ဟာ - အစားအစာတွေကို
ရက်ပေါင်းများစွာ ပျော်ပျော်
ရွှင်ရွှင်စားသောက်ကြတာပေါ့ ...



တစ်ဖက်မှာလည်း - ယုန်တစ်ကောင်ဟာ
နေစရာဗိမ်ကိုလိုက်ရှာဖွေနေရဲ့ ...
ဟိုဟိုဒီဒီ လျှောက်သွားရင်းနဲ့ သူဟာ - ငှက်နေထိုင်တဲ့အခေါင်းပေါက်ကို တွေ့သွားပါလေရော ...
ဒီမှာ - ဘယ်သူမှ မရှိတော့ ... ငါဒီ အခထဲမှာ နေရမယ် ...


ဒီလိုနဲ့ - ယုန်ဟာသစ်ခေါင်း
ထဲမှာ ဝင်နေလိုက်တယ် ...
ငှက်ပြန်လာတဲ့အခါ - အဲဒီမှာယုန်နေ
နေတာကို တွေ့လိုက်ရသတဲ့ ...
ဒီတော့ - အငြိုးစိတ်
ဆိုးသွားတာပေါ့ ...
ဝေား ... အိမ်ကနေ
ထွက်သွားစမ်းကွာ ...


ဝမ်းနည်းပါတယ်ဗျာ ... ကျွန်တော်
အခု ဒီမှာနေတာ တစ်ပတ်ရှိပြီ ...
ဒီနေရာဟာ - ငါ့အိမ်ပဲ ...
မဟုတ်တာ - မပြောနဲ့
ငါအရင်နေတာကွ ...
အခု - ငါ့အိမ်ဖြစ်သွားပြီ...ငါတစ်ယောက်
တည်းပဲနေမယ် ...



မင်းနေတာက - ရက်ပိုင်းပဲရှိတာပါ ...
ငါ ... ဒီမှာနေတာ နှစ်ချီနေပြီ ...
ဘာပဲဖြစ်ဖြစ် - ငါဒီနေရာကနေ မခွာဘူးကွာ ... မင်းလုပ်ချင်သလို လုပ် ...
ယုန်နဲ့ငှက်တို့ဟာ - အဲဒီလိုမျိုး အငြင်းအခုံ ဖြစ်နေကြတော့တယ် ...



တိရစ္ဆာန်အားလုံးဟာ ..... အဲဒီ
နေရာကို စုဝေးရောက်ရှိလာကြသတဲ့..
ဒီအငြင်းပွားမှုကို . ဖြေရှင်းဖို့
တရားသူကြီးတစ်ဦးရှာကြစို့ ...
ဒီလိုနဲ့ဂင်္ဂါမြစ်
ကမ်းနားကိုရောက်လာကြတယ် ...



အဲဒီမှာသူတို့ဟာ ... ဘာသာတရား
အလွန်ကြည်ညိုပုံရတဲ့ ...ကြောင်
တစ်ကောင်ကို တွေ့လိုက်ရသတဲ့ ...
အဲ ... တို့ရဲ့ ပြဿနာကိုသူ
ဖြေရှင်းပေးနိုင်မယ့် ပုံပဲ ...
သူတို့နှစ်ဦးစလုံးဟာ .... အဲဒီ
ကြောင်ဆီကို သွားဖို့ဆုံးဖြတ်
လိုက်ကြတယ် ....



အနားကိုရောက်တော့ကြောင်က ပြောလိုက်သတဲ့ …
ကောင်းချီးပေးခဲ့ရပါစေ.
ဒါပေမယ့် -သူတွေးမိတာကတော့ …
ဒီနေ့ -ငါစားရမယ့်အစာကောင်း ပါလားဟော့ …
ကလေးတို့ - ဘာအကူ အညီပေးရမလဲ …


ကျွန်တော် - အဲဒီနေရာမှာ ... နေ
လာတာ နှစ်အတော်ကြာပါပြီ ...
ကျွန်တော်ရက်အနည်းငယ်လောက်
အဲဒီနေရာကနေ အပြင်ကိုထွက်
ဖြစ်ခဲ့ပါတယ် ...
ဒီယုန်က - ကျွန်တော်ပိုင်တဲ့
နေရာကို ယူသွားလို့ပါ ...


ယုန်ကဒါကို - ပြင်းပြင်းထန်ထန် ကန့်ကွက်တော့တယ် ...
မဟုတ်ဘူး - ဒါ သက်သက်လူညစ်တာ ...
ကြောင်ဟာ - သူတို့နှစ်ဦးစလုံးကို သူ့ အနားကို လာစေချင်သတဲ့ ... ဒါမှ သူတို့ကို ခုန်အုပ်လို့ ရအောင်ပေါ့ ...
ဟင်း ... မင်းတို့နဲ့ငါ နည်းနည်းဝေးနေတယ် ...


ကဲ… ရှေ့နား တိုးကြပါဦး …
သေသေချာချာ ကြားသိရအောင် …
ဒါနဲ့ - ကြောင်လက်လှမ်းမှီတဲ့
နေရာကိုသူတို့ရောက်သွားကြသတဲ့ …
ကြောင်ဟာ - စိတ်ပုတီးကိုပစ်ချ
လိုက်ပြီးခုန်အုပ်လိုက်တာပေါ့ …
ကီး
ဝုန်း
အား
အိုး


ကြောင်ဟာ - သူတို့ကို ဖမ်းပြီး
ချက်ချင်းစားပစ်လိုက်တော့တယ် ...
ပလပ်...
ပလပ်...
သူတို့ကို - စားပစ်လိုက်ပြီးတဲ့
နောက်မှာ ...ကြောင်ဟာနဂိုအတိုင်း
ပြန်ထိုင်နေလိုက်တာ ... ပုတီးပဲ
ဆက်စိပ်နေလိုက်သတဲ့ ....
ဒါကြောင့် - အဆုံးအဖြတ်ခံယူဖို့
သွားကြတဲ့ ယုန်ငှက်တို့ဟာ
ကြောင်ရဲ့စားပစ်ခြင်းကို ခံခဲ့ရ
တာပေါ့ ... ပုံပြင်လေးကတော့ဒါပါ
ပဲကွယ် ....
ပြီး




တစ်ချိန်တုန်းက ရွာတစ်ရွာမှာ မိဘမဲ့လို့ ခိုကိုးရာမရှိတဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ သူ့အသက်ဟာ တစ်ဆယ့်နှစ်နှစ်ရှိပြီ၊ ဒါပေမဲ့ သူဟာ တစ်ခြားကောင်လေးတွေလို ကျောင်းမနေခဲ့ရဘူး။ အတန်းပညာဆိုတာ ဘာတစ်ခုမှ မတတ်တဲ့ ကောင်လေးမို့ သူ့ကို မောင်သုညလို့ခေါ်ကြတယ်။ မောင်သုညဟာ မိဘတွေမရှိပေမယ့် ရိုးသားဖြူစင်တဲ့ စိတ်ဓါတ်ရှိသူမို့ သူ့ကို လူတိုင်းက ချစ်ကြတယ်။ နေစရာအိမ်မရှိတဲ့ မောင်သုညဟာ ရွာထဲက သူဌေးအိမ်မှာ အလုပ်သမား အဖြစ်နေခဲ့တာပေါ့။ အတန်းပညာ မတတ်ပေမယ့် အသိတရားရှိတဲ့ မောင်သုည ရတနာမြတ်သုံးပါးနဲ့ ကံအကျိုးကို အလွန် မြတ်နိုးယုံကြည်တယ်။ ရတနာမြတ်သုံးပါကိုဦးထိပ်ပန်ဆင်ပြီး နေ့စဉ်ရှိခိုးသလို၊ သူ့ရဲ့ဝမ်းတစ်ထွာအတွက် ကျွေးမွေးတဲ့သူဌေးရဲ့ အလုပ်တွေကိုလည်း နေ့စဉ်မပျက်ကွက်စေရအောင် လုပ်ပေးတယ်။ မောင်သုညဟာ ရတနာမြတ်သုံးပါးကို ယုံကြည်မှုနဲ့ ကိုယ့်ကိုယ်ကိုယ် လေးစားခြင်းတွေကြားမှာမွေ့ပျော်နေတတ်သူပေါ့။ သူဌေးဟာမောင်သုည လုပ်တဲ့အလုပ်တွေအပေါ် ယုံကြည်လာတော့ မောင်သုညကို သားအရင်းအဖြစ်မွေးစားလိုက်ပြန်တယ်။ ဒီလိုနဲ့ မမျှော်လင့်ပဲ မောင်သုည

ဟာ သူဌေးသားဘဝကို ရောက်ရှိသွားတယ်။ မောင်သုညဟာ သူဌေးသားဖြစ်သွားတယ်ဆိုတဲ့ အမည်သာလှပပေမယ့် အလုပ်တာဝန်တွေကို အသက်အရွယ်နှင့်မမျှအောင် လုပ်ကိုင်ခဲ့ရတယ်။

တစ်နေ့မှာ မောင်သုညဟာ သူဌေးကြီးမရှိချိန် ကုန်ပစ္စည်း အပြည့်ပါတဲ့ သင်္ဘောနှင့် ခရီးထွက်ရဖို့ ကြုံလာပါတော့တယ်။ အသက်တစ်ဆယ့်ခြောက်နှစ် အရွယ်မောင်သုညအတွက် ဒီခရီးဟာ အင်မတန် ခက်ခဲလွန်းတာပေါ့။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်ယုံ ကြည်ခြင်းအပြည့်ရှိတဲ့ မောင်သုညဟာ ခရီးကို ရအောင် ထွက်လာခဲ့ပါတယ်။ ခရီးလမ်းရဲ့ အလယ်အရောက်မှာ မောင်သုညရဲ့ သင်္ဘောဟာ မုန်တိုင်းတိုက်ခြင်း ခံရပါတယ်။ ပြင်းထန်တဲ့ မုန်တိုင်းတိုက်ခတ်မှုကြောင့် မောင်သုညဟာ သူ့အသက်ကိုတောင် မနည်းကယ်ယူရပါတယ်။ ဒီလိုနဲ့ မောင်သုညဟာ ကုန်ပစ္စည်းတွေဆုံးရှုံးပြီး သူဌေးကြီး အိမ်ပြန်လာခဲ့တယ်။ လမ်းမှာလည်း သူဌေးကြီးကို ဆုံးရှုံးသွားတဲ့ ပစ္စည်းတွေအတွက် ပြန်လည်ရရှိနိုင်တဲ့အလုပ်ကို ပြန်လုပ်ပေးဖို့ စဉ်းစားလာသတဲ့။ ဘဝရဲ့ခက်ခဲခြင်းကို မေ့လျော့ပြီး မောင်သုညအားတင်းကာ ပြန်လာခဲ့တာပေါ့။ ဒါပေမဲ့ မောင်သုညသူဌေးအိမ်ပြန်ရောက်တော့ ခက်ထန်မာကျောလွန်းတဲ့ သူဌေးကြီးရဲ့ မျက်နှာကိုမြင်ရပြီး လန့်သွားခဲ့တယ်။ မောင်သုညကိုလည်းမြင်ရော၊ အားလုံးသော အလုပ်သမားများရှေ့မှာ သူဌေးကြီးက "ဒီမှာသုည၊ မင်းဟာအလုပ်ကို မလေးစားလို့အခုလိုဖြစ်ရတာပဲ၊ သုညဆိုတဲ့ အတိုင်းပဲ ဘာဦးနောက်မှမရှိတဲ့ကောင်၊ သူဌေးသားဘဝနဲ့ မတန်တဲ့အကောင်မို့မင်းဘဝနဲ့မင်းနေတော့" လို့ပြောဆိုလွှတ်သတဲ့။ အဲ့ဒီမှာ မောင်သုညဟာ တအားရှက်သွားပြီး အိမ်ပေါ်ကပြေးဆင်းသွားတယ်။ သူဌေးကြီးရဲ့စကားတွေကို ကြားယောင်ရင်း ရက်စိတ်နဲ့အတူ ရှိုက်ကြီးတငင်ငိုကြွေးပြီး ပြေးတာပေါ့။ ဒီလိုနဲ့ မောင်သုညဟာ ခြေသလုံးအိမ်တိုင်ဘဝမှာ နေပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ လေးစားမှုတွေပျောက်ကွယ်ကုန်တယ်။ အကျိုးမျှော်ကိုးပြီး ခိုင်းစားတတ်တဲ့လူတွေကိုကြောက်စိတ်တွေလွှမ်းမိုးပြီး လူသားအားလုံးကို ဝေးဝေးမှာ ရှောင်နေခဲ့တယ်။ နောက်ဆုံးတော့ မောင်သုညဟာ စိတ်ရဲ့ ခိုင်းစေမှုတွေကိုခံရပြီး ရွာရဲ့အပြင်မှာ ဘယ်သူမှ မသိခင် ထာဝရအိပ်စက်သွားပါတော့တယ်။

ကလေးလေးတို့ရေ... မောင်သုညရဲ့ဝမ်းနည်းဖွယ်ရာပုံပြင်လေးကို ဖတ်ပြီး အတုယူကြပါနော်။ ကလေးတို့ဘဝမှာအထူးလေးစားတန်ဖိုးထားလုပ်ကိုင်ခဲ့တဲ့အရာတွေကို မိဘတွေ၊ အရှင်သခင်တွေ အားထားရသူတွေက အပြစ်မြင်မိပြီးပြောမိတဲ့ အခါ၊ အရှက်ရအောင်ပြောမိတဲ့အခါ၊ မောင်သုညလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ၊ လေးစားမှုတွေ ကွယ်ပျောက်မသွားပါစေနဲ့နော်။ ကိုယ့်ရဲ့အမှားဖြစ်ခဲ့ပါလျှင် သင်ခန်းစာယူပြီး နောင်ကိုအမှန်ဖြစ်အောင် ကြိုးစားပြလိုက်ပါနော် ဒါမှကလေးတို့က တော်သော၊ ထက်မြတ်သော အနာဂတ်ရတနာလေးတွေ ဖြစ်သွားပါလိမ့်မယ်။ ပုံပြင်ထဲက သူဌေးကြီးလို အဆင်ခြင်မဲ့ အပြစ်တင်ပြောဆိုတဲ့ အုပ်ထိန်းသူများနဲ့ ကင်းဝေးပြီး၊ မိမိကိုယ်ကိုယ်သာ ယုံကြည်အားထားနိုင်သူများ ဖြစ်နိုင်ကြပါစေလို့...။

ဆန္ဒပြုရင်း
လရိပ်မေ (သာပေါင်း)


ဆိုးပေ
မြောက်ရွာသူ ရန်ကုန်/တက္ကသိုလ်
တစ်ခါတုန်းက ရွာတစ်ရွာမှာ မုဆိုးမတစ်ယောက်ရှိပြီး သူ့မှာ သားတစ်ဦးသမီးတစ်ဦးရှိတယ်
သူ့မှာ အားကိုးအားထား ယောက်ျားသေသွားတော့ ကြံ့ကြာအလုပ်လုပ်ပြီးတော့ သားသမီးတွေကိုရှာကျွေးတယ်


သားအကြီး နာမည်က မောင်လှ ဖြစ်ပြီး ငှက်သူငှက်သားတွေကို ဆိုးပေလှိုခေါ်ကြတယ်။
သမီးငယ်နာမည်က မနှင်းဖြူဖြစ်ပြီး စိတ်သဘောထားဖြူစင်ကူညီတတ်လို့ တစ်ရွာလုံးက သူ့ကို ချစ်ကြတယ်။
မနှင်းဖြူလေးဟာ မိခင် မှဆိုးမကိုလည်းအလုပ် နိုင်သလောက်ကူညီပေးတယ်


မောင်လှကတော့ တစ်နေကုန်
ရှာရိုးကိုးပေါက်လျှောက်ပြီး
မိခင်ဖြစ်သူကိုမကူညီဘဲ
စားချိန်တန်မှပြန်စားတယ်
အမေ
ဘာချက်လဲ
ဗိုက်ဆာပြီ
တစ်နေ့တော့သူတို့ရဲ့မိခင် မှုဆိုးမဟာ
ကွယ်လွန်သွားတယ်။ ဒါနဲ့မနှင်းဖြူလေးက
အစ်ကိုဖြစ်သူကိုသူ့မိခင်မသေခင်မှာခဲ့တဲ့
စကားကိုသတိရနေဖို့ ပြောပြတယ်။
အမေ မသေခင် မှာခဲ့တာက
လောကကြီးမှာ စိတ်သဘော
ဖြူဖြူစင်စင်နေထိုင်ပါတဲ့
အိမ်နီးချင်းတွေကလည်း
သူတို့မောင်နှမကိုစောင့်ရှောက်
ကြပြီး စိတ်ထားဖြူစင်တဲ့
မနှင်းဖြူလေးကိုပိုချစ်ကြတယ်


တစ်နေ့တော့ မောင်လှနဲ့ မနှင်းဖြူလေးတို့ဟာ တောထဲကို ထင်းခွေ သွားကြတယ်။ ။
တောထဲရောက်တော့ မနှင်းဖြူလေးက ထင်းလုပ်ဖို့ သစ်ကိုင်းခြောက်လေးတွေ ကောက်ပြီး စုနေတဲ့အခါ မောင်လှက လေးခွတစ်လက်နဲ့ သတ္တဝါလေးတွေကို လျှောက်ပစ်နေတော့တယ်။
အပြန်မှာလည်း ရသမျှ ထင်းတွေကို မနှင်းဖြူလေးပဲ သယ်လာရရှာတယ်။






ဒီအခါ သူတို့က မနှင်းဖြူလေးကို စားစရာ သောက်စရာတွေ ပြန်ပေးကြတာပေါ့။ ။




ရလာတဲ့ စားစရာတွေကို မနှင်းဖြူလေးက အဘိုးဖြစ်သူနဲ့ ဝေမျှစားသောက်တယ်။ ။




ဦးသာဝ ဖရဲခင်းထဲက ဖရဲသီး ခိုးခူးလာတယ်
ပိုင်ရှင်မသိဘဲ ဘာဖြစ်လို့ ဖရဲသီးတွေ ခိုးစားတာလဲ
မနှင်းဖြူလေးက မောင်လှကို သူတစ်ပါးပစ္စည်း ခိုးယူတာ မကောင်းကြောင်းပြောတယ်
သူများပစ္စည်း ခိုးစားရတာ အရသာပိုရှိပြီး ပျော်စရာကောင်းတယ်


တောစပ်တစ်နေရာရောက်တော့ အထုပ်တစ်ထုပ်ကျနေတာတွေ့လို့ မနှင်းဖြူကကောက်ယူလိုက်တယ်
!
ဒွေးလေးကျော့ အထုပ်ဖြစ်ရမယ်
နင်နဲ့ငါနဲ့ခွဲပြီး ယူလိုက်ကြမယ်
မလုပ်ပါနဲ့ သူများပစ္စည်း ယူတာမကောင်းပါဘူး
ဒါလိုနဲ့ အိမ်ပြန်ရောက်တော့ မောင်လှဟာ အထုပ်လေးပိုက်ပြီးအိပ်ပျော်သွားတယ်
ငါကိုပေးစမ်း ကိုယ်နဲ့ထိုက်လို့ရတာ ဟာလို့ပြန်ပေးရမှာလဲ


ဟော မနှင်းဖြူ အထုပ်
တစ်ထုပ်ကောက်ရပြန်ပြီ
ဘယ်သွားမလဲ ဆိုတာ
အနောက်ကလိုက်ကြည့်မယ်
ဟော ဟိုတောင်ကုန်း
ပေါ်က ဘမှတ်ဆိတ်ဆီ
တက်သွားပါလား ..
ဘမှတ်ဆိတ်ရေ
ဘမှတ်ဆိတ်ရဲ့ အထုပ်လေး
ကောက်ရလို့လာပေးတာပါ
ဟေား အဘ လွှမ်း
ဒီအထုပ်လေးပျောက်လို့
စိတ်မကောင်းဖြစ်နေတာ
ရော..ဒီပုလွေလေးကို
လက်ဆောင်ပေးလိုက်မယ်


မနှင်းဖြူလည်း အသိုးအိုကို ကျေးဇူးတင်စကားဆိုပြီး ပုလွေကလေးမှုတ်လို့ ပြန်လာခဲ့တာပေါ့..
ဒီလိုနဲ့ လမ်းမှာငှက်ကလေးတစ်ကောင်က သူ့အသိုက်သစ်ပင်ပေါ်ကပြုတ်ကျသွားလို့ ကူညီပေးဖို့ ပြောသတဲ့..
ဒီအခါ မနှင်းဖြူကငှက်သိုက်ကိုသစ်ပင်ပေါ်ကို ခက်ခက်ခဲခဲပြန်တင်ပေးလိုက်တယ်
ကျေးဇူးတင်ပါတယ် သင့်ကျေးဇူးကိုဆပ်ချင်လို့ ကျွန်ုပ်ရဲ့အနောက်ကို လိုက်ခဲ့ပါတော့


ငှက်ကလေးက နှင်းဖြူကို
ဘယ်ခေါ်သွားတာပါလိမ့်
အနောက်ကလိုက်ချောင်း
ရမယ်.. ..
ကျေးဇူးရှင် မိန်းကလေး
ဒီဂူကြီးထဲက ရတနာတွေကို
ကြိုက်သလောက်ယူသွားပါ
ဒီရတနာတွေဟာ သူတစ်ပါးကို
ကူညီဖူးသူသာ ရနိုင်ပါတယ်
ငှက်ကလေး ပြောတဲ့အတိုင်း
ဂူထဲကို မနှင်းဖြူဝင်တော့
ရတနာတွေကို တွေ့သတဲ့..


ငါလည်း ယူလို့ပဲ လုပ်ရင် ဒီရတနာဂူကြီးကို ငါတစ်ယောက်တည်းပိုင်မှာ ကဲ လုပ်ငန်းစရမယ်။
မောင်လှလည်း သူ့အကြံအတိုင်း တောင်ကုန်းပေါ်က ဘဘမုတ်ဆိတ် အိမ်ကို သွားတော့ အဘိုးအို အိပ်နေတာကို တွေ့ရသတဲ့။
အဘိုးကြီး အိပ်ပျော် နေတယ်။ ဒီတော့ သူ့ရဲ့ တောင်ဝှေးကို ယူသွားပြီး ပြီးမှ ကောက်ရလို့ လာပြန်ပေး ဟန်ဆောင်ရမယ်။


ဘုမှတ်ဆိတ် နှိုးတဲ့အချိန် မောင်လှပဟာ တောင်ဝှေးကို လမ်းပေါ်ကကောက်ရလေဟန် လာပြန်ပေးသတဲ့..
အဘိုးတောင်ဝှေး ကောက်ရလို့လာပေးတာ ကျွန်တော့်ကိုလည်း လက်ဆောင်ပေးရမယ်
ဒီလိုဆိုရင် ပေးရတော့မှာပေါ့.. ပုလွေတော့ မရှိတော့ဘူး ဟောဒီ နွားကလေးကိုပဲယူသွား ပေတော့ကွယ်..
နွားကလေးရတာနဲ့ မောင်လှပဟာ ဘုမှတ်ဆိတ်ကို ကျေးဇူးတင်စကားတောင် မပြောတော့ဘဲ နွားကလေး မှုတ်ပြီး ပြန်သွားတယ်.. ..
ကျွန်တော့် ခြေထောက် နာနေလို့ ကျွန်တော့်ကို အိမ်လိုက်ပို့ပေးပါလား


နင့်ကိုတော့ ပို့မပေးနိုင်ဘူး ငါ့ကို ရတနာတွေ ရှိတဲ့ ဂူကိုလိုက်ပို့ပေးရမယ်
မပို့ရင် နင့်ခြေထောက်တွေကိုရိုက်ချိုးပစ်မယ် သွား ရှေ့ကလမ်းပြ
သမင်ကလေးဟာမောင်လှကို ကြောက်လို့ ရတနာဂူရှိတဲ့ဆီလိုက်ပို့ပေးသတဲ့ ..
အင်း မေတ္တာတရား ခေါင်းပါးပြီးလောဘကြီးတဲ့ လူသားပါလား အခုလေ သူ့စေတနာက သူ့ကို အကျိုးပေးမှာပဲလေ


အပေး ရတနာတွေ အများကြီးပဲကွ အားလုံး ယူသွားရမယ်ပေါ့
အမလေး မြွေကြီး
ဝေါင်း
ဂူကြီးထဲက မြွေကြီးတွေလို့ ပြန်လှည့်ပြီး အပြေးမှာ ကျားကြီးနဲ့ ရင်ဆိုင်တိုးမိလို့.. ..
အား သေပါပြီ ဗျ
ဟဲ့ ဆိုးပေ အိပ်နေရင်းကနေ ဟာဖြစ်လို့ ဂယောင် ခြောက်ခြားအော်နေတာလဲ


ငါတို့ ကောက်ရခဲ့တဲ့ အထုပ်ကို ဒွေးလေးကျော့ကို ပြန်သွားပေးကြရအောင်
ဒါနဲ့ သူတို့နှစ်ယောက်ဟာ ဒွေးလေးကျော့အိမ်သွားပြီး အထုပ်ကိုပြန်ပေးလိုက်တယ်
ဒွေးလေးကျော့ကလည်း ဝမ်းသာအားရနဲ့ သူတို့မောင်နှမကို စားစရာတွေပေးလိုက်တာပေါ့
ဒီအချိန်ကစပြီး မောင်လှဟာ စိတ်သဘောထား ဖြူစင်တဲ့ လူငယ်လေးဖြစ်သွားပြီးဆိုးပေ ဆိုတဲ့နာမည်လည်းပျောက်သွားတယ်
ပြီး